မြတ်

နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၉၁)

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ သောကြာနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

သီလဝါသိုလှောင်ကန်များတွင် စက်သုံးဆီများပြည့်လုနီးပါးရှိနေသည့်အပြင် မှာယူထားသည့် ဆီတင်သင်္ဘောများလည်းအဆက်မပြတ်ဝင်ရောက်

နေပြည်တော် ဇူလိုင် ၁၇

ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းနှင့် အာရှပစိဖိတ်ဒေသတွင်း စက်သုံးဆီဈေးနှုန်းများအနည်းငယ်မြင့်တက်လာမှုကြောင့် လာမည့်အပတ်တွင် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်း မြင့်တက်နိုင်မည်ဟုသုံးသပ်ခန့်မှန်းရသော်လည်း ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းကျဆင်းမှုကြောင့် နှစ်ဆန်းပိုင်းက ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများအောက်တစ်လီတာလျှင် ၂၅၀ ကျပ် ကျော်ခန့်အထိ လျော့နည်းနေဦးမည်ဟုခန့်မှန်းရကြောင်း၊ ယခင်နှစ်က အရောင်းဆိုင်များတွင် ယာဉ်တန်းစီစောင့်ဆိုင်းဝယ်ယူမှုများဖြစ်ပေါ်ခဲ့သော်လည်း ယခုနှစ်တွင် အလားတူယာဉ်တန်းစီဝယ်ယူမှုမျိုးမတွေ့ရကြောင်းနှင့် သီလဝါသိုလှောင်ကန်များတွင် စက်သုံးဆီများပြည့်လုနီးပါးရှိနေသည့်အပြင် မှာယူထားသည့် ဆီတင်သင်္ဘောများလည်းအဆက်မပြတ်ဝင်ရောက်လျက်ရှိနေသည်ဟု လုပ်ငန်းရှင်အသိုင်းအဝိုင်းများထံမှ သိရှိရသည်။

မြဝတီ

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဥပဒေပြဋ္ဌာန်း

စာ - ၃ သို့

“မြန်မာ့တန်ဖိုး... မြန်မာ့အနာဂတ်” (Myanmar’s Value – Myanmar’s Future)

စာ - ၁၁ သို့

စံယူကြိုးစား အာဇာနည်စိတ်ထား

စာ - ၁၃ သို့

ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

စာ - ၁၄ သို့

ဘရာဇီးနိုင်ငံမှ မြန်မာနိုင်ငံသို့လှူဒါန်းသည့် ဘီစီဂျီကာကွယ်ဆေး ငါးသိန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ

စာ - ၁၆ သို့

နတ်မောက်မြို့နယ်၌ ဆီထွက်သီးနှံမိုးမြေပဲ ၄၈၅၅ ဧက လျာထားစိုက်ပျိုး

နတ်မောက် ဇူလိုင် ၁၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံအဖြစ် မြေပဲနှင့်နေကြာ စိုက်ပျိုးကြပြီး မိုးမြေပဲကို ၄၈၅၅ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

“ဒီနှစ် မြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံတောင်သူတွေ စားသုံးဆီဖူလုံစေဖို့ မိုးမြေပဲ ၄၈၅၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ မိုးရွာသွန်းမှုပေါ်မူတည်ပြီး မေလကစတင်စိုက်ပျိုးခဲ့ပါတယ်။ တောင်သူအများစုအနေနဲ့ မြေပဲကိုမိုးဦးကျမှာ မိုးရွာသွန်းမှုပေါ်မူတည်ပြီး ဝါဆိုမြေပဲအဖြစ် စိုက်ပျိုးပါတယ်။ ဆောင်းရာသီမှာ နှင်းအစိုဓာတ်နဲ့

စာမျက်နှာ ၇ ကော်လံ ၁ ◆

အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၈ ရက်)

တပ်မတော်နှင့်ပြည်သူတို့၏အောင်ပွဲများ

တပ်မတော်၏အောင်ပွဲရသတင်းကောင်းများသည် ပြည်သူတို့၏အောင်ပွဲဖြစ်သည်။ တပ်မတော်သည် နိုင်ငံအတွက် အစဉ်အမြဲရှိနေရမည့်အဖွဲ့အစည်းဖြစ်သည်။ တပ်မတော်မရှိလျှင် နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာသည် လျင်မြန်စွာဆုံးရှုံးသွားနိုင်သည်။ တပ်မတော်စစ်ကြောင်းများက ဇူလိုင်လ ၆ ရက်နေ့တွင် မိုးဗြဲမြို့အား ပြန်လည်ထိန်းချုပ်နိုင်သည့်သတင်းနှင့် ဇူလိုင်လ ၁၆ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်သည့်သတင်းများမှာ ပြည်သူများ မျှော်လင့်စောင့်စားနေသည့်သတင်းများဖြစ်သည်။ ပြည်သူများအေးချမ်းသာယာစွာနေနိုင်ရေးအတွက် တပ်မတော်သားတို့က စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ဖြင့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ရှင်းလင်းနိုင်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်သည်ပြည်သူလူထုနှင့်ပတ်သက်လာလျှင် ပြည်သူလူထုအပေါ်သစ္စာစောင့်သိရှိသေသည်။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်သည်။ ပြည်သူလူထုကို ယဉ်ကျေးစွာဆက်ဆံပြီး ပြည်သူအပေါ် ရေလိုလလိုကျင့်လျက်ရှိသည်။ ပြည်သူလူထု၏အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားလျက်ရှိသည်။ ထို့ကြောင့် ပြည်သူလူထုကလည်း တပ်မတော်ကိုအားကိုးယုံကြည်သည်။ ယခုကဲ့သို့သော အောင်ပွဲရသတင်းများသည် တပ်မတော်သားများနှင့်ထပ်တူ ပြည်သူတစ်ရပ်လုံးက ဝမ်းသာလျက်ရှိကြသည်။ တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးကိုရှေးရှုကာ တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှုကိုရပ်ဆိုင်းပေးထားသည်။ ထိုအခြေအနေကို အခွင့်ကောင်းယူကာ အကြမ်းဖက်သောင်းကျန်းသူတို့က တည်ငြိမ်အေးချမ်းနေသည့် မြို့ပြများကို အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူတို့က ဒေသခံပြည်သူများ၏နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့်ပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှုယန္တရားပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းများကြောင့် ကျောင်းသား၊ ကျောင်းသူ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာမြို့/ရွာများရှိ ဆွေမျိုးများ၏နေအိမ်များ၊ ယာယီတိုက်ပွဲရှောင်စခန်းများသို့ မိမိတို့၏တိုက်တာအိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

တပ်မတော်စစ်ကြောင်းများမှ တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များသည် စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှုတို့ဖြင့် အောင်မြေချဲ့ထွင်မှုများကို မြေပြင်၊ ဝေဟင်စစ်နည်းဗျူဟာမြောက်အဆင့်ဆင့်ပေါင်းစပ်၍ အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်းတည်ဆောက်ထားသည့်နေရာများကို အဆင့်ဆင့်လိုက်လံချေမှုန်းတိုက်ခိုက်ခဲ့ပြီး နောင်ချိုမြို့အား ဇူလိုင်လ ၁၆ ရက်နေ့တွင် အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏အိုးအိမ်နေရာများတွင် စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်လိုသည့်ဆန္ဒပြည့်ဝပြီဖြစ်သည်။ ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများ၏အသက်အန္တရာယ် ရန်ပြုမှုဘေးမှကင်းဝေးပြီး အေးချမ်းစွာမိမိတို့လူမှုစီးပွားဘဝအတွက် ရှာဖွေစားသောက်လုပ်ကိုင်လိုစိတ်ဆန္ဒများကို တပ်မတော်က ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နောင်ချိုမြို့နှင့်ဂင်းဒေသအား ယာယီသိမ်းပိုက်ထားစဉ် မြို့၊ ရွာများရှိ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့်လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏အိုးအိမ်များကိုခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကိုလုပ်ဆောင်ခဲ့သည်။ ထို့ပြင် ပြည်သူများ၏နေအိမ်နှင့်စျေးဆိုင်ခန်းများ အားဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့်အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ ပြည်သူများသွားလာလျက်ရှိသည့်လမ်းများအား မြေဖြတ်ခြင်းများ ပြုလုပ်ဖျက်ဆီးခြင်း၊ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကအချက်အချာကျသည့် ဂုတ်တွင်းတံတားအပါအဝင် အခြားလမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့် နောင်ချိုမြို့အတွင်းသို့ ဒေသခံပြည်သူများအန္တရာယ်ကင်းရှင်းစွာ ပြန်လည်နေထိုင်နိုင်ရေး၊ အစိုးရယန္တရားများအမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများထောင်ထားခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းဆောင်ရွက်မည်ဖြစ်သည်။ တပ်မတော်သည် ပြည်သူ့အတွက်ဆိုသည့်အတိုင်း အကြမ်းဖက်သောင်းကျန်းသူတို့ကို တိုက်ခိုက်ချေမှုန်းကာ အောင်ပွဲရခဲ့သော အရာရှိ၊ စစ်သည်များ၏ "ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း"စိတ်ဓာတ်ဖြင့် ဆောင်ရွက်ချက်များ၊ တပ်မတော်သားမိသားစုပါရမီဖြည့်ဖက်များနှင့် တပ်မတော်ကို အားပေးထောက်ခံကြသူအားလုံး၏ဆောင်ရွက်ချက်များမှာ ပြည်သူလူထုကောင်းကျိုးကိုသယ်ပိုးခြင်းဖြစ်၍ အထူးပင်ကြည်နူးပျော်ရွှင်ဝမ်းသာရပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

မြိတ်မြို့၌ သဘာဝဘေးအသိပညာပေးဟောပြောပွဲကျင်းပ

မြိတ် ဇူလိုင် ၁၇

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ရပ်ကွက်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှကြီးမှူး၍ သဘာဝဘေးအသိပညာပေးဟောပြောပွဲအခမ်းအနားကို ဇူလိုင်လ ၁၆ ရက် မွန်းလွဲပိုင်းတွင် ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်ကဘေးအန္တရာယ်နှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစောနွယ်က မီးဘေး၊ ဆူနာမီဘေး၊ မိုးခေါင်ရေရှားဘေး၊ ငလျင်ဘေး၊ မိုးကြိုးဘေး၊ လေပြင်းဘေးအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးမာကမုန်တိုင်းဘေးအကြောင်းကိုလည်းကောင်း၊ အကြီးတန်းစာရေး ဒေါ် သန္ဓာဝင်းက ရေဘေးအကြောင်းကိုလည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်မွန်မွန်ခိုင်သင်းက မြေပြိုဘေးအကြောင်းတို့ကိုလည်းကောင်း အသီးသီးဟောပြောကြကြောင်းသိရသည်။

ထို့နောက် မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မွန်အား သဘာဝဘေးအသိပညာပေးဗီडီယိုနှင်းပိုစတာနှင့်လက်ကမ်းစာစောင်များကို ပေးအပ်သည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့ မြိတ်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့်ဝန်ထမ်းများ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မွန်၊ ဆရာ၊ ဆရာမများနှင့်အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၅၀၁ ဦးတို့တက်ရောက်ကြကြောင်း သိရသည်။ (၄၁၂)

ခေတ်
ခေတ်
Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၅၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၁ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ရေပြင်နယ်နိမိတ်အတွင်းတွင်ရှိသော အောက်ပါတို့နှင့်သက်ဆိုင်စေရမည်-
(က) ပြည်တွင်းပြည်ပမှရေယာဉ်နှင့်လေယာဉ်၊
(ခ) ပင်လယ်ဆိပ်ကမ်းအပါအဝင် ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊
(ဂ) စီးပွားရေးလုပ်ငန်း။

ခြွင်းချက်။ ပြည်တွင်း စစ်ရေယာဉ်၊ စစ်လေယာဉ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -
(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။
(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနကိုဆိုသည်။
(ဃ) **ကမ်းခြေစောင့်တပ်ဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကိုဆိုသည်။
(င) **ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့အား ကြီးကြပ်ကွပ်ကဲရသူကိုဆိုသည်။
(စ) **တပ်ဖွဲ့ဝင်အရာရှိ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သော ပြန်တမ်းဝင်အရာရှိကိုဆိုသည်။
(ဆ) **အရပ်ဘက်အရာရှိ** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တွဲဖက်၍ဖြစ်စေ၊ ဌာနကူးပြောင်း၍ ဖြစ်စေ တာဝန်ထမ်းဆောင်သော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပြန်တမ်းဝင်အရာရှိကိုဆိုသည်။ ယင်းစကားရပ်တွင် စတင်ခန့်ထားသည့် ပြန်တမ်းဝင်အရာရှိနှင့်အမှုထမ်းမှ ပြန်တမ်းဝင်အရာရှိအဆင့်ရရှိသူများလည်းပါဝင်သည်။
(ဇ) **တပ်ဖွဲ့ဝင်** ဆိုသည်မှာ ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့်တပ်ဖွဲ့ဝင် အရာရှိ၊ အရပ်ဘက်အရာရှိ၊ တပ်ဖွဲ့ဝင်အမှုထမ်း သို့မဟုတ် အရပ်ဘက်အမှုထမ်းကိုဆိုသည်။
(စျ) **အခြေခံမျဉ်းများ** ဆိုသည်မှာ မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၏ နောက်ဆက်တွဲ(က)တွင် သတ်မှတ်ထားသည့် အခြေခံမျဉ်းများကိုဆိုသည်။
(ည) **အတွင်းပိုင်းရေပြင်** ဆိုသည်မှာ ပိုင်နက်ပင်လယ်ကို စတင်သတ်မှတ်သည့်အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်ဆိပ်ကမ်းမဟုတ်သည့် အခြားဆိပ်ကမ်း၊ ချောင်းနှင့် မြစ်များမပါဝင်။
(ဋ) **ပင်လယ်ဆိပ်ကမ်း** ဆိုသည်မှာ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားသောဆိပ်ကမ်းကိုဆိုသည်။ ယင်းစကားရပ်တွင် အဓိကဆိပ်ကမ်း သို့မဟုတ် ပင်လယ်ရေနက်ဆိပ်ကမ်းလည်းပါဝင်သည်။
(ဌ) **ပိုင်နက်ပင်လယ်** ဆိုသည်မှာ အခြေခံမျဉ်းများမှ ပင်လယ်ဘက်သို့ ရေမိုင် ၁၂ မိုင်အထိ ကျယ်ဝန်းသောဇုန်ကိုဆိုသည်။
(ဍ) **ဆက်စပ်ဇုန်** ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်ပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၄ မိုင်အထိ ကျယ်ဝန်းသောဇုန်ကိုဆိုသည်။
(ဎ) **သီးသန့်စီးပွားရေးဇုန်** ဆိုသည်မှာ ပိုင်နက်ပင်လယ်၏ပြင်ပတွင်တည်ရှိပြီး ပိုင်နက်ပင်လယ်နှင့် တစ်ဆက်တည်းဖြစ်သည့်ပြင် အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ အထိ ကျယ်ဝန်းသောဇုန်ကိုဆိုသည်။
(ဏ) **ရေပြင်နယ်နိမိတ်** ဆိုသည်မှာ နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသောရေပြင်ကိုဆိုသည်။ ဤစကားရပ်တွင် ကမ်းရိုးတန်းလည်းပါဝင်သည်။
(တ) **ရေယာဉ်** ဆိုသည်မှာ ရေပေါ် သို့မဟုတ် ရေအောက်တွင် ရွှေ့လျားသွားလာနိုင်သော စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ် သို့မဟုတ် မောင်းသူမဲ့ရေယာဉ်တစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် တွဲတွန်း၊ တွဲဆွဲရေယာဉ်၊ စက်မဲ့ကုန်တွဲ၊ ရေနံတွဲ၊ ရေတွင်ပေါ်သော အခြားတွဲယာဉ်၊ လေကူရှင်သုံးရေယာဉ်၊ ရေယာဉ်ပျံ၊ အပျော်စီးရေယာဉ်၊ ဖောင် သို့မဟုတ်ရွက်လှေတို့ပါဝင်သည်။
(ထ) **လေယာဉ်** ဆိုသည်မှာ လေထဲတွင်မောင်းနှင်သော စက်တပ်ယာဉ် သို့မဟုတ် စက်မဲ့ယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရဟတ်ယာဉ်၊ စက်မဲ့လေယာဉ် (Glider)၊ မောင်းသူမဲ့လေယာဉ် (Drone)၊ မီးပုံးပျံ (Air Balloon) သို့မဟုတ် လေထဲတွင်ပျံသန်းနိုင်သော အခြားယာဉ်တစ်မျိုးမျိုး လည်းပါဝင်သည်။
(ဒ) **နိုင်ငံခြားရေယာဉ်** ဆိုသည်မှာ ပြည်ပတွင်မှတ်ပုံတင်ထားသော ရေယာဉ်ကိုဆိုသည်။
(ဓ) **ရေယာဉ်ပိုင်ရှင်** ဆိုသည်မှာ ရေယာဉ်ကိုပိုင်ဆိုင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်နှင့်သက်ဆိုင်သည့်လုပ်ငန်းကို ရေယာဉ်ပိုင်ရှင်ကိုယ်စား ဆောင်ရွက်ရန် တာဝန်လွှဲအပ်ခြင်းခံထားရသော ကိုယ်စားလှယ်လည်း ပါဝင်သည်။
(နဝ) **ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ** ဆိုရာတွင် နိုင်ငံတော်၏ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းဆိုင်ရာ အကျိုးစီးပွားအတွက် လူသားတို့ဖန်တီးသောကျွန်း၊ ကမ်းလွန်စခန်း၊ အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနစခန်း၊ ရေနံတူးစင်၊ အထိုင်တွင်းတူးစင်၊ ရေပေါ်တွင်းတူးစင်၊ သိုလှောင်ရုံ၊ ဖြန့်ဖြူးသိုလှောင်ရုံ၊ ရေအောက်ကေဘယ်ကြိုး၊ ပိုက်လိုင်း၊ စွန့်ပစ်ပစ္စည်းများ လက်ခံရာနေရာ၊ ပင်လယ်ပြင်အခြေပြု ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်ယူရေးစခန်း သို့မဟုတ် စစ်ဘက်နှင့်မသက်ဆိုင်သည့် ရေကြောင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ပစ္စည်းကိရိယာများပါဝင်သည်။
(ပ) **အဏ္ဏဝါသဘာဝသယံဇာတ** ဆိုသည်မှာ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင်အထက်ရှိရေထု သို့မဟုတ် ပင်လယ်ရေမျက်နှာပြင်တွင်ရှိသော သက်ရှိသက်မဲ့ သယံဇာတတစ်မျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် ဒီရေတောနှင့်သန္တာကျောက်တန်းများ လည်းပါဝင်သည်။
(ဖ) **ရှားပါးမျိုးစိတ်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း ပုံမှန်တွေ့ရလေ့မရှိသော၊ ရှားပါးသော သို့မဟုတ်မျိုးသုဉ်းရန်အန္တရာယ်နှင့်ရင်ဆိုင်နေရသောအပင် သို့မဟုတ် တိရစ္ဆာန်မျိုးစိတ်တစ်ခုခုကို ဆိုသည်။
(ဗ) **အဏ္ဏဝါပတ်ဝန်းကျင်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါဂေဟစနစ်၏လည်ပတ်မှု အခြေအနေနှင့် အရည်အသွေးတို့ကို အပြန်အလှန်အကျိုးသက်ရောက်စေသည့် ရုပ်ပိုင်းဆိုင်ရာ၊ မြေထု၊ ရေထု၊ လေထုဆိုင်ရာ သို့မဟုတ် ဇီဝဆိုင်ရာအခြေအနေကိုဆိုသည်။
(ဘ) **အဏ္ဏဝါဂေဟစနစ်** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း နေထိုင်ကျက်စားသော သို့မဟုတ် ရှင်သန်ပေါက်ပွားသော ကျွန်းနေဇီဝမျိုးစုံမျိုးကွဲ၊ အပင်၊ တိရစ္ဆာန်နှင့် သက်မဲ့ရုပ်ဝတ္ထုများ သဟဇာတဖြစ်လျက်တည်ရှိနေသည့် သဘာဝစနစ် သို့မဟုတ် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော အဏ္ဏဝါပတ်ဝန်းကျင်ကိုဆိုသည်။
(မ) **ညစ်ညမ်းမှု** ဆိုသည်မှာ ဘေးအန္တရာယ်ရှိပစ္စည်း၊ ညစ်ညမ်းပစ္စည်း သို့မဟုတ် စွန့်ပစ်ပစ္စည်းကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း သို့မဟုတ် စုပုံခြင်းကြောင့် အဏ္ဏဝါပတ်ဝန်းကျင်၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေခြင်း သို့မဟုတ် သက်ရောက်စေခြင်းကိုဆိုသည်။
(ယ) **ပင်လယ်ဓားပြမှု** ဆိုသည်မှာ နိုင်ငံတကာပင်လယ်ပြင်အတွင်း ရောက်ရှိနေသော ပုဂ္ဂလိကပိုင် ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိ လူပုဂ္ဂိုလ်တစ်ဦးဦးက အခြားသောရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိ လူပုဂ္ဂိုလ် သို့မဟုတ် ပစ္စည်းအပေါ် ပုဂ္ဂလိကအကျိုးအလို့ငှာ အကြမ်းဖက်ခြင်း၊ တရားမဝင်ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ထိုသို့ပြုလုပ်ရန် ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းလည်းပါဝင်သည်။
(ရ) **တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှု** ဆိုသည်မှာ ဥပဒေနှင့်အညီ ထုတ်ပေးထားသော ပြည်တွင်းဝင်ရောက်ခွင့်လက်မှတ်နှင့် သက်ဆိုင်ရာနိုင်ငံက နည်းလမ်းတကျထုတ်ပေးထားသော နိုင်ငံကူးလက်မှတ်တို့မပါရှိဘဲ နိုင်ငံတော်၏ပိုင်နက်ပင်လယ်ကိုဖြတ်သန်း၍ အတွင်းပိုင်းရေပြင်သို့ လည်းကောင်း၊ ပင်လယ်ဆိပ်ကမ်းတစ်ခုခုသို့လည်းကောင်း ဝင်ရောက်ခြင်း သို့မဟုတ် ဝင်ရောက်ရန်အားထုတ်ခြင်းကိုဆိုသည်။
(လ) **ပင်လယ်ပြာစီးပွားရေး (Blue Economy)** ဆိုသည်မှာ ရေပြင်နယ်နိမိတ်အတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုစီးပွားဖူလုံရေးမြှင့်တင်ရန် အဏ္ဏဝါဂေဟစနစ်ကို မထိခိုက်စေဘဲ အဏ္ဏဝါသဘာဝသယံဇာတများကို ရေရှည်တည်တံ့စေသည့်နည်းလမ်းများအသုံးပြု၍ လုပ်ကိုင်သောစီးပွားရေးကိုဆိုသည်။
(ဝ) **အဏ္ဏဝါသဘာဝသယံဇာတဆိုင်ရာပြစ်မှု** ဆိုသည်မှာ အဏ္ဏဝါသဘာဝသယံဇာတများကို ညစ်ညမ်းမှုဖြစ်စေရန် သို့မဟုတ် ထိခိုက်စေရန်လုပ်ဆောင်ခြင်း၊ တရားမဝင် ရှာဖွေတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် သယ်ယူရွှေ့ပြောင်းခြင်းကိုဆိုသည်။
(သ) **ပင်လယ်ရေကြောင်းဆိုင်ရာဆိုက်ဘာခြိမ်းခြောက်မှု (Maritime Cyber Threat)** ဆိုသည်မှာ ပင်လယ်ရေကြောင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို နှောင့်ယှက်ဟန့်တားရန်အလို့ငှာ ဆိုက်ဘာ အရင်းအမြစ်တစ်ခုခုကိုအသုံးပြု၍ ခြိမ်းခြောက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ်ဆောင်ရွက်ခြင်းကို ဆိုသည်။
(ဟ) **နိုင်ငံတကာသဘောတူစာချုပ်များ** ဆိုရာတွင် နိုင်ငံတော်ကအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်း ချုပ်ဆိုထားသော စာချုပ်များနှင့် ယင်းစာချုပ်များ၏ နောက်ဆက်တွဲ သဘောတူညီချက်များ အားလုံးပါဝင်သည်။

စာမျက်နှာ ၄ သို့ ↷

၁ စာမျက်နှာ ၃ မှအဆက်

အခန်း (၂)

ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(ခ) ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်းများ၊ တရားမဝင်ဖြတ်ကျော် ဝင်ရောက်မှုအပါအဝင် တရားမဝင် ဝင်ရောက်အခြေချနေထိုင်မှုများကို တားဆီးနှိမ်နင်းရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂ) ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ဃ) ပင်လယ်ရေကြောင်းဆိုင်ရာ အမျိုးသားအကျိုးစီးပွား၊ ပင်လယ်ပြာစီးပွားရေး၊ အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟာစနစ်တို့ကို ကာကွယ်စောင့်ရှောက်ရန်၊

(င) ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် နိုင်ငံတကာသဘောတူစာချုပ်များနှင့်အညီ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်။

အခန်း (၃)

ဖွဲ့စည်းခြင်း

၅။ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၊ ယင်း၏ ကွပ်ကဲမှုအောက်ရှိ ကမ်းခြေစောင့်တပ်ဖွဲ့ရေယာဉ်စုများ၊ ကမ်းခြေစောင့်တပ်ဖွဲ့ ရေယာဉ်အုပ်များ၊ အခြားလိုအပ်သောဌာနများဖြင့် တည်ဆဲဖွဲ့စည်းပုံနှင့်အညီ ဖွဲ့စည်းရမည်။

၆။ ဝန်ကြီးဌာနသည် ကမ်းခြေစောင့်တပ်ဖွဲ့၏ဖွဲ့စည်းပုံကို လိုအပ်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ တိုးချဲ့ဖွဲ့စည်းနိုင်သည်။

၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ကိုယ်ပိုင်အလံနှင့် ကိုယ်ပိုင်တံဆိပ်တို့ကို အသုံးပြုခွင့်ရှိသည်။

အခန်း (၄)

တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကမ်းခြေစောင့်တပ်ဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် လုံခြုံရေးကို ထိပါးနှောင့်ယှက်မှုမရှိစေရန် ရေကြောင်းလုံခြုံရေး တာဝန်ဆောင်ရွက်ခြင်း၊

(ခ) ရေပြင်နယ်နိမိတ်အတွင်း ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်း၊ မူးယစ်ဆေးဝါး သို့မဟုတ် လက်နက်ကိုသယ်ဆောင်မှု သို့မဟုတ် ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ နိုင်ငံတကာအကြမ်းဖက်မှုစသည့် နိုင်ငံဖြတ်ကျော်ပြစ်မှုများ၊ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုနှင့် ပင်လယ်ဓားပြမှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်း၊

(ဂ) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးနှင့် ပင်လယ်ဆိပ်ကမ်းများ၏ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ တာဝန်ခံဌာနအဖြစ် တာဝန်ယူဆောင်ရွက်ခြင်း၊

(ဃ) ရေပြင်နယ်နိမိတ်အတွင်း ရေလမ်းကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆောင်ရွက်ခြင်း၊

(င) အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟာစနစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး တားဆီးကာကွယ်ခြင်း၊

(စ) နိုင်ငံတော်၏ကမ်းရိုးတန်းနိုင်ငံဆိုင်ရာလုပ်ငန်းတာဝန်များကို တာဝန်ခံဌာနအဖြစ် ဆောင်ရွက်ခြင်းနှင့် ဆိပ်ကမ်းနိုင်ငံဆိုင်ရာ လုပ်ငန်းတာဝန်များကို ပြည်တွင်းပြည်ပ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စျ) နိုင်ငံတော်၏အရေးပေါ်အခြေအနေတွင် တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခြင်း၊

(ည) ကမ်းခြေစောင့်တပ်ဖွဲ့နှင့်သက်ဆိုင်သည့်ပညာရပ်များ လေ့ကျင့်သင်ကြားနိုင်သော သင်တန်းများနှင့် နိုင်ငံတကာရေကြောင်းဆိုင်ရာအဖွဲ့အစည်းများ၏ စံချိန်စံညွှန်းနှင့် ညီသောကျောင်းများ ဖွင့်လှစ်ခြင်း၊

(ဋ) အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေထုညစ်ညမ်းမှု ကာကွယ်တားဆီးခြင်းတို့နှင့်စပ်လျဉ်း၍ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဌ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၉။ ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲသည် -

(က) ကမ်းခြေစောင့်တပ်ဖွဲ့ကို တာဝန်ခံကြီးကြပ်ကွပ်ကဲရမည်။

(ခ) ကမ်းခြေစောင့်တပ်ဖွဲ့၏ ဖွဲ့စည်းပုံကိုပြင်ဆင်ရန်လိုအပ်ပါက ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြနိုင်သည်။

(ဂ) ကမ်းခြေစောင့်တပ်ဖွဲ့၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လိုအပ်သောစီမံချက်များနှင့် စီမံကိန်းများကို ဝန်ကြီးဌာန၏မူဝါဒများနှင့်အညီ ရေးဆွဲချမှတ်ဆောင်ရွက်ရမည်။

(ဃ) မိမိ၏လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ သင့်လျော်သည့် တပ်ဖွဲ့ဝင်အရာရှိတစ်ဦးဦးအား သတ်မှတ်ချက်များနှင့်အညီ လွှဲအပ်ဆောင်ရွက်နိုင်သည်။

(င) တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာ၊ စီမံကိန်းနှင့်လေ့ကျင့်ရေးစီမံချက်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

အခန်း (၅)

ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး

၁၀။ နိုင်ငံခြားရေယာဉ်သည် မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေနှင့်အညီ အပြစ်ကင်းသော ဖြတ်သန်းမှုကိုကျင့်သုံးခွင့်ရှိသည်။

၁၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည် အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည် -

(က) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင်-

(၁) နိုင်ငံခြားရေယာဉ်၏ အပြစ်ကင်းသောဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ နိုင်ငံတော်၏လုံခြုံရေး သို့မဟုတ် ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေးနှင့် စပ်လျဉ်း၍ လိုအပ်ပါက ဖြတ်သန်းသည့်ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၂) နိုင်ငံခြားရေယာဉ်၏ အပြစ်ကင်းသောဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိရသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကိုရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၃) ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ဆောင်ရွက်နေသည့် တရားမဝင်လုပ်ငန်းများနှင့် ပင်လယ်ရေကြောင်းဆိုင်ရာ ဆိုက်ဘာခြိမ်းခြောက်မှုများကို စုံစမ်းစစ်ဆေးခြင်း၊

(၄) နိုင်ငံတော်၏ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခွင့်အရ ဖြတ်သန်းသွားလာသည့် နိုင်ငံခြားရေယာဉ်က ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခုကို သီးခြားဆောင်ရွက်ပေးရန်တောင်းဆိုလျှင် အဆိုပါဝန်ဆောင်မှု လုပ်ငန်းအတွက် သတ်မှတ်ထားသောအခကြေးငွေကိုပေးသွင်းစေပြီး ဆောင်ရွက်ပေးခြင်း၊

(၅) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်၌ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခဲ့ပြီး ပိုင်နက်ပင်လယ်ကို ဖြတ်သန်းသွားလာသော နိုင်ငံခြားရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၆) ရေယာဉ်၏အမှတ်အသား သို့မဟုတ် အလံကို အတုပြုလုပ်မှု သို့မဟုတ် ပုံစံတူ ဆင့်ပွားပြုလုပ်မှုကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊

(၇) နိုင်ငံတော်၏ပိုင်နက်ပင်လယ်အတွင်း အပြစ်ကင်းသော ဖြတ်သန်းသွားလာခြင်း မဟုတ်သည့် ဖြတ်သန်းသွားလာခြင်းကို သတ်မှတ်ချက်များနှင့်အညီ တားဆီးကာကွယ်ခြင်း၊

(၈) နိုင်ငံတော်၏အတွင်းပိုင်းရေပြင်သို့ ခုတ်မောင်းနေသည့်ရေယာဉ်များ စည်းကမ်းလိုက်နာမှုရှိစေရန် ဆောင်ရွက်ခြင်း၊

(၉) လုံခြုံရေးဆိုင်ရာ အရေးပေါ်အခြေအနေအရဖြစ်စေ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအရဖြစ်စေ၊ ရေယာဉ်တွင်စီးနင်းလိုက်ပါသူများ၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအရဖြစ်စေ၊ ရာသီဥတုအခြေအနေအရဖြစ်စေ၊ အခြားသောအရေးပေါ်အခြေအနေတစ်ရပ်ရပ်အရဖြစ်စေ ဝင်ရောက်လာသော နိုင်ငံခြားရေယာဉ်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ရပ်နားခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ အတွင်းပိုင်းရေပြင်သို့ ဝင်ခွင့်ပြုခြင်း သို့မဟုတ် ဝင်ခွင့်ပြုရန် ငြင်းပယ်ခြင်း၊

(၁၀) ပုံမှန်ကင်းလှည့်ခြင်းနှင့် နိုင်ငံတော်၏တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၁၁) တရားမဝင်ဖြတ်ကျော်ဝင်ရောက်သည့် ရေယာဉ်ကိုရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(၁၂) တရားမဝင်ဖြတ်ကျော်ဝင်ရောက်သည့် လူပုဂ္ဂိုလ်ကို တားဆီးခြင်း သို့မဟုတ် အရေးယူခြင်း၊

(၁၃) လူနေထိုင်သောကျွန်းများ၏ ဘေးကင်းလုံခြုံရေးကို ဆောင်ရွက်ခြင်းနှင့် လူနေထိုင်ခြင်းမပြုရန် သတ်မှတ်ထားသည့်ကျွန်းများတွင် တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရန် တားဆီးခြင်း။

(ခ) ဆက်စပ်ဇုန်အတွင်း နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသော လွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်ကို မထိခိုက်စေဘဲ နိုင်ငံတော်၏ အကောက်ခွန်၊ ငွေကြေး၊ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုအပါအဝင် လူဝင်မှုကြီးကြပ်ရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေးဆိုင်ရာဥပဒေများပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့် ရေယာဉ်ကို ရပ်တန့်စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

ဆက်လက်ဖော်ပြပါမည်။

ဥမကွဲသိုက်မပျက် တည်ဆဲတည်ရှိ

တိုင်းသူပြည်သားလူအများဟာ ဥမကွဲသိုက်မပျက် တည်ဆဲတည်ရှိ စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့လူတွေက ဘယ်လိုတိုက်တိုက်၊ ရှိ့ရှိ့၊ စစ မိမိတို့အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ မိနစ် ၄၀ တွင် တိုင်းပြည်သို့ အသံလွှင့်ပြောကြားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းမှကောက်နုတ်ချက်)

ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကုန်ပစ္စည်းစတင်စစ်ဆေးခြင်းအခမ်းအနားကျင်းပ

ပဲခူး ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီ-ရန်ကုန် ကုန်သွယ်မှုလမ်းကြောင်းတွင် တရားမဝင်ကုန်သွယ်မှုများ ထိရောက်စွာတားဆီးထိန်းချုပ်နိုင်ရန်အတွက် ကုန်ပစ္စည်းစတင်စစ်ဆေးခြင်းအခမ်းအနားကို ဇူလိုင်လ ၁၇ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အဖွင့်အမှာစကားပြောကြားပြီး အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့် တာဝန်ရှိသူများက ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း လုပ်ငန်းစတင်ခြင်းအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကုန်ပစ္စည်းစစ်ဆေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ အနောက်ဘက်မြို့ရောင်လမ်း မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့နည်းပညာအထောက်အကူပြုရုံး၌ အမျိုးသားလျှပ်စစ်ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်သင်ကြားနေမှုအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပဲခူးမြို့အနောက်ဘက်မြို့ရောင်လမ်းဘေးရှိ မိုးစပါးစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုသက်သာစေရေး ရေထုတ်မြောင်းနှင့် တာပေါင်ဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချက်နှင့်အညီ အချိန်မီပြီးစီးရေး မှာကြားကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

မိုးနဲမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

မိုးနဲ ဇူလိုင် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာ ကွင်းအမှတ်(၃၈) တောင်သူ ဦးစိုင်းထွန်းလှိုင်၏ လယ်မြေ၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းက ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက လက်ဆွဲကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုးကြသည်။ ဒေသခံတောင်သူများအား ကောက်စိုက်စက်အသုံးပြုပုံ၊ ကောက်စိုက်စက်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာနိုင်စေရန် တောင်သူများအနေဖြင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးပါက လုပ်သားအင်အားရှားပါးမှုကို ဖြေရှင်းနိုင်ခြင်း၊ တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်လျော့နည်း၍ အကျိုးအမြတ်ပိုမိုရရှိခြင်းနှင့် တစ်ရက်လျှင် စက်တစ်စီးကို သုံးဧကနှင့်အထက်စိုက်ပျိုးပြီးစီးနိုင်ခြင်းတို့ကြောင့် ယခုလိုကွင်းသရုပ်ပြ စိုက်ပျိုးဆောင်ရွက်ရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မျိုးညွှန့်ရွှေ(မိုးနဲ)

(၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကျင်းပ

လွိုင်ကော် ဇူလိုင် ၁၇

(၇၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြို အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကို လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင်လ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရေးဦးစွာ ၁၉ ဇူလိုင်မမေ့နိုင် ခေါင်းစဉ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၆ ဦး၊ အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၉ ဦး၊ အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၈၊ ၆ ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၅ ဦး၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို (၇၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

MWD Education, Knowledge & Sports Channel

၁၈-၇-၂၀၂၅(သောကြာနေ့)

၁။	၀၇:၀၀ - ၀၈:၃၄	Grade - 9	မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁)
၂။	၁၅:၃၀ - ၁၆:၁၇	Grade - 9	သင်္ချာ(၁)၊ သင်္ချာ(၂)
၃။	၁၆:၁၇ - ၁၇:၁၇	Grade - 9	ပထဝီဝင်၊ သမိုင်း
၄။	၁၇:၁၇ - ၁၈:၁၂	Grade - 9	သိပ္ပံ

သဇင်(FM)အသံလွှင့်အစီအစဉ် ၁၈-၇-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth	၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား
၂။ ၁၀:၀၀ သတင်း/သီချင်း	၅။ ၁၉:၀၀ စစ်သည်ကဏ္ဍာ
၃။ ၁၃:၀၀ တိုင်းရင်းသားစကား ပြောကြရအောင်	၆။ ၂၁:၂၀ စာလာတယ်ဗျို့

လွိုင်ကော်-မိုးမြဲ-ဖယ်ခုံ-ပင်လောင်း ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပြီး ဒေသခံပြည်သူများ ပုံမှန်အတိုင်း ပြန်လည်နေထိုင်သွားလာနိုင်ရေးအတွက် တပ်မတော်သားများနှင့် နိုင်ငံ့ဝန်ထမ်းများက လမ်းများနှင့်ဆေးရုံတို့အား ပြန်လည်ရှင်းလင်းတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်

ဆရာတော်၊ သံဃာတော်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်တာဝန်ရှိသူများက ဝါဆိုသက်နီး၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

နေပြည်တော် ဇူလိုင် ၁၇

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် လွိုင်ကော်-မိုးမြဲ-ဖယ်ခုံ-ပင်လောင်း ဆက်သွယ်ရေးလမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက အသက်ကိုပဓာနမထားဘဲ ရဲရင့်စွန့်စားစွာတိုက်ပွဲဝင်ပြီး မြို့ရွာများ ပျက်စီးမှုအနည်းဆုံးဖြစ်အောင် အဆင့်ဆင့်ခြေကုပ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ ၎င်းလမ်းကြောင်းအား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့ နေ့လယ်ပိုင်းတွင် ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ ပုံမှန်သွားလာနိုင်လျက်ရှိသည်။

အဆိုပါဆက်သွယ်ရေးလမ်းကြောင်းကို ပြန်လည်ထိန်းချုပ်နိုင်ရန်အတွက် ရဲရင့်စွန့်စားစွာတိုက်ပွဲဝင်ခဲ့ကြသည့် ဖယ်ခုံမြို့နယ်၊ ဖယ်ခုံ-မိုးမြဲဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ဖယ်ခုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖယ်ခုံ-မိုးမြဲဒေသအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးတို့က အမှာစကားအသီးသီးပြောကြားသည်။ ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးကိစ္စများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် တာဝန်ရှိသူတစ်ဦးက ဖယ်ခုံမြို့နယ် ဒေသဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာတွင်နေ့ရှိ ပြည်နယ်ဝန်ကြီးချုပ်ကနိုင်ငံ့ဝန်ထမ်းများ ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ ထိန်းချုပ်ထားစဉ် ဆေးရုံ၌ဘန်ကာများ ဖွယ်ရာများပေးအပ်ချီးမြှင့်သည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖယ်ခုံမြို့နယ်၊ အားကစားကွင်း၌ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုကာ ဒေသခံပြည်သူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လုမယ်တော်ဂူကျောင်းသို့သွားရောက်ကာ သင်းအုပ်ဆရာတော်နှင့် သွားရောက်တွေ့ဆုံပြီး ဆုတောင်းမေတ္တာပို့သကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဖယ်ခုံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ သံဃာတော်များအားလည်းကောင်း၊ နတ်တောကျောင်းတိုက်ရှိ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသက်နီး၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးတို့က အမှာစကားအသီးသီးပြောကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦးက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့်အရာရှိ၊ စစ်သည်များအား စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က ဖယ်ခုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကိုကြည့်ရှုပြီး လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိ စစ်သည်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကြောင့် အပျက်အစီးများဖြစ်ပေါ်နေသည့် မိုးမြဲပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကိုကြည့်ရှုပြီး လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိ စစ်သည်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဖယ်ခုံမြို့နယ်၊ ဖယ်ခုံ-ပင်လောင်း ကားလမ်းဝဲယာရှိ ချုံနွယ်ပိတ်ပေါင်းများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။ ဆက်လက်၍ ပင်လောင်းမြို့နယ်၊ မြသိန်းတန်ကျောင်းတိုက်ဆရာတော် ဦးမင်္ဂလာနှင့် ပင်လောင်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များအား သွားရောက်ကြည့်ညိုပြီး ဝါဆိုသက်နီး၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇူလိုင် ၁၇

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ပဋ္ဌိပတ္တိမာမကကျောင်းတိုက်အတွင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား တပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေ့ဂုံတိုင်လမ်းအားရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝက်ဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံအထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်လမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအားဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်းလမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ်လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းစာ၊ ဂျာနယ်ထုတ်ဝေသူများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၇

သတင်းမီဒီယာကဏ္ဍ တိုးတက်ရေးအတွက် သတင်းစာ၊ ဂျာနယ်ထုတ်ဝေသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကားပြောကြားသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့် သတင်းမီဒီယာများ လိုက်နာဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများအားလည်းကောင်း၊ သတင်းများဖော်ပြရာတွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားကို မထိခိုက်မပျက်ပြားအောင်ရေးသားဖော်ပြရန် လိုအပ်မှုအခြေအနေများအား လည်းကောင်း၊ သတင်းတု၊ သတင်းမှားများအန္တရာယ်နှင့် သတင်းမှန်များ ထုတ်လွှင့်ဖော်ပြပေးရန် လိုအပ်မှုအခြေအနေများအားလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်နှင့် တက်ရောက်လာကြသည့်သတင်းစာ၊ ဂျာနယ်များမှ ထုတ်ဝေသူများနှင့် တာဝန်ရှိသူများက သတင်းမီဒီယာကဏ္ဍတိုးတက်ရေးအတွက် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

◆ ရှေ့ဖုံးမှအဆက်

ဆောင်းမြေပဲကိုစိုက်ပျိုးပါတယ်။ လျှာထားဇကပြည့်မီအောင် တောင်သူတွေနဲ့ ပူးပေါင်းစိုက်ပျိုးမှာပါ”ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ မိုးမြေပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်များရရှိရေး ဆောင်ရွက်ပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြပွဲများကျင်းပခြင်း၊ စိုက်ပျိုးရေးနည်းပညာများ ကွင်းဆင်းအသိပညာပေးလျက်ရှိပြီး နတ်မောက်မြို့နယ်၌ ယခုနှစ်တွင် မိုးမြေပဲ ၄၈၅၅ ဧကစိုက်ပျိုးရန်လျှာထားပြီး လက်ရှိအချိန်ထိ ၂၆၁၃ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ဆီထွက်သီးနှံများကို နိုင်ငံအတွင်း ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံစေမည့်အပြင် ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်သည်။ ဆီထွက်သီးနှံအများဆုံးစိုက်ပျိုးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိစေရေး စိုက်ပျိုးဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။ **လှဝင်း**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ အရည်အသွေးကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေး အဘက်ဘက်မှကြိုးပမ်းဖြည့်ဆည်းလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့် ယနေ့တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး သို့သွားရောက်၍လေးထပ်ကုသဆောင်သစ်၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးဌာနပြောင်းရွှေ့ ဖွင့်လှစ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးသည်အထူးကုပြင်ပလူနာဌာနများ ဖွင့်လှစ်ထားရှိမှု၊ အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးပြင်ပလူနာဌာန ဖွင့်လှစ်ထားရှိမှု၊ အတွင်းလူနာဆောင်များ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုနှင့် ပြန်လည်သန်စွမ်းရေးအတွက် လေ့ကျင့်ခန်းပြုလုပ်နိုင်မည့် ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားသည့်အခန်းများ၊ ဆေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား သင်ကြားရေးဆောင်ရွက်နေမှုများ၊ သင်ကြားရေးအခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် လာရောက်ပြသသောလူနာများအား အားပေးစကားပြောကြားပြီး နေ့စဉ်ကုသရေးလုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေစေရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ သူနာပြုအုပ်၊ သူနာပြုကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံရာ ဆေးရုံအုပ်ကြီး ဒေါက်တာစောသက်လျာအောင်က ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအရည်အသွေးကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေး အဘက်ဘက်မှ ကြိုးပမ်းဖြည့်ဆည်းလျက်ရှိကြောင်း၊ အခြေခံလိုအပ်၍ အသုံးများသည့် ဆေးဝါးများ၊ အရေးကြီးသည့် ဆေးဝါးများ၊ ဓာတ်ခွဲစစ်ဆေးမှုများ၊ ဓာတ်မှန်ရိုက်ကူးမှုများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ ဆေးဝါးရန်ပုံငွေများ ခွဲဝေချထားခြင်း၊ ဗဟိုမှ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများနှင့်ထိတွေ့ကာ ကုသမှုဆောင်ရွက်နေသော အထူးကုဆရာဝန်များ၊ ဆေးရုံစီမံခန့်ခွဲသူများ၊ အခြားသော ကျန်းမာရေးဝန်ထမ်းများအားလုံးက အကျိုးရှိရှိအသုံးပြုပြီး ပြည်သူများကို ထိရောက်စွာထောက်ပံ့ပေးနိုင်ရေး အားလုံးညှိနှိုင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ လိုအပ်ချက်များတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အကြောအဆစ်နှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဌာနကို ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး လေးထပ်ကုသဆောင်သို့ ပြောင်းရွှေ့၍ ပြင်ပလူနာဌာနကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၀ ရက်က စတင်ဖွင့်လှစ်ထားပြီး ပြင်ပလူနာဌာနနှင့် ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆိုင်ရာ လေ့ကျင့်ခန်းများနှင့် ကုသမှုများကို ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြဝတီ**

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၇-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွှိုင်ကော်	ဟားခါး
92 Ron	၂၉၆၅	၃၀၇၅	၃၀၄၅	၂၉၇၅	၃၀၈၅	၃၁၀၀	၃၁၁၅	၃၀၃၅	၄၅၅၅	၃၃၂၅	၃၀၅၀	၃၀၅၅	၃၁၂၀	၃၀၈၅	၃၁၁၀	၃၃၆၅
95 Ron	၃၀၂၀	၃၁၃၅	၃၁၀၀	၃၀၃၅	၃၁၄၀	၃၁၅၅	၃၁၇၀	၃၀၉၀	၄၅၆၀	၃၃၈၅	၃၁၀၅	၃၁၀၀	၃၁၈၀	၃၁၄၅	၃၁၆၅	၃၄.၂၅
HSD (500 ppm)	၂၆၈၅	၂၈၀၀	၂၇၆၅	၂၇၀၀	၂၈၀၅	၂၈.၂၀	၂၈၄၀	၂၇၆၀	-	၃၀၅၀	၂၇.၇၅	၂.၇.၅	၂၈၄.၅	၂၈.၀	၂၈.၃	၃၀.၉၀
HSD (50 ppm)	၃၄.၃၀	၃၄.၅၅	၃.၄.၀	၃.၄.၅	၃.၄.၅	၃.၆.၆	၃.၄.၅	၃.၄.၀	၄.၈.၃	၃.၆.၉	၃.၄.၂	၃.၄.၂	၃.၄.၉	၃.၄.၅	၃.၄.၀	၃.၇.၃
HSD (10 ppm)	၃.၃.၀	၃.၄.၅	၃.၄.၀	၃.၃.၅	၃.၄.၀	၃.၄.၆	၃.၄.၅	၃.၄.၀	-	၃.၆.၅	၃.၄.၂	၃.၄.၂	၃.၄.၉	၃.၄.၅	၃.၄.၀	၃.၇.၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀۹-၇၇၂۹۹۲۶۲۲

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂.၇၉၅	၂.၈၀၄
95 Ron	၂.၈၄၉	၂.၉၄.၀
HSD (500 ppm)	၂.၅.၂.၇	၂.၆.၀.၇
HSD (50 ppm)	၃.၁.၅.၂	၃.၂.၄.၄
HSD (10 ppm)	၃.၁.၅.၂	၃.၂.၄.၄

(၁၇-၇-၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇူလိုင် ၁၇

ယနေ့မွန်းလွဲ ၂ နာရီ ၂၄ မိနစ် ၃၀ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၅၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ကလေးမြို့၏ အရှေ့-အရှေ့မြောက်ဘက် ၇ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၂၃ ဒသမ ၂၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၁၆ ဒီဂရီ၊ အနက် ၈၆ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

မိုးရာသီဓာတ်စာ မာလကာသီးနှင့် ကျန်းမာရေး

ပေါက်ပေါက်

အင်္ဂလိပ်လို Guava၊ ရုက္ခဗေဒအရ Psidium Guajava ဟု အမည်ရသော မာလကာပင်ကို မြန်မာနိုင်ငံနေရာအနှံ့ ပေါများစွာတွေ့ရသည်။ မာလကာသီးသည် မိုးရာသီစာ သစ်သီးတစ်မျိုးဖြစ်၍ မိုးရာသီတွင် အသီးလှိုင်လှိုင်ထွက်ရှိသည်။ စျေးနှုန်းသင့်တင့်ကာ အလွယ်တကူ ဝယ်ယူရရှိနိုင်သောကြောင့် မာလကာသီးကို လူတန်းစေ့စားနိုင်ကြသည်။ အမျိုးအစားပေါ်မူတည်၍ မာလကာသီး၏ အတွင်းပိုင်းအသားမှာ အဖြူရောင်(အူဖြူသီး)နှင့် ပန်းရင့်ရောင် သို့မဟုတ် ကြက်သွေးဖျော့ရောင်(အူနီသီး)ဟူ၍ နှစ်မျိုးရှိသည်။

လတ်ဆတ်သောအသီး၏အတွင်းသားမှာ ချိ၍ ကြွပ်ဆတ်ကာ ရနံ့မွှေးသည်။ အသီးမှည့်သွားသောအခါ အတွင်းထဲရှိ အသားမှာ ပျော့အိကာ ပိုချိုပြီး ပို၍မွှေးလာသည်။ အသီးထဲတွင် အလွန်မာသော အစေ့များစွာပါရှိပြီး ကြေညက်အောင် ဝါးစားပေးသင့်သည်။ အပေါ်ယံအခွံမှာ အစိမ်းဖျော့ သို့မဟုတ် အစိမ်းရင့်ရောင်နှင့် စိမ်းဝါရောင်တို့ဖြစ်ပြီး ထိုအခွံကိုလည်း စားနိုင်သည်။ မာလကာသီးကို သူ့ချည်းသက်သက် အဆာပြေစားသုံးလေ့ရှိပြီး အခွံနှာ၊ ရေခဲစိမ်၍ ဆား၊ နွယ်ချိုမှုန့်နှင့် ငရုတ်သီးမှုန့်တို့ထည့်ပြီးစားကြသည်။

မာလကာသီးနှင့် မာလကာရွက်တို့၏ ကျန်းမာရေး

မာလကာသီးကို တစ်ကြိမ်သာ ဖမ်းဆုပ်စား၊ ဆရာဝန်ကို တစ်နှစ်လုံးရှောင်ရှားဟု ဆိုရိုးစကားရှိသည်။ အသီးသာမက အရွက်၊ အစေ့နှင့် အခွံတို့ကလည်း လွန်စွာ ဆေးဖက်ဝင်သည်။ မာလကာသီးတွင် ဘေးဥပဒ်ဖြစ်စေသော ကိုလက်စထရောနှင့် ဆိုဒီယမ်တို့ လုံးဝမပါရှိသည့်အပြင် ကယ်လိုရီနှင့်အဆီဓာတ်အနည်းငယ်သာ ပါရှိသည်။ အမျှင်ဓာတ်ကြွယ်ဝသောကြောင့် လူသားတို့၏ကျန်းမာရေးကို များစွာအထောက်အကူဖြစ်စေသည်။ မာလကာသီးက ဗီတာမင် – C စုဝေးရာ အရင်းအမြစ်ဖြစ်ပြီး လိမ္မော်သီးတွင်ပါရှိသော ဗီတာမင်–C ထက် ငါးဆပိုသည်။

၁၀၀ ဂရမ်အလေးချိန်ရှိသော မာလကာသီးတွင် ဗီတာမင်– A ၂၅၀ I.U၊ ဗီတာမင်– B (ခေါ်) သီအာမင် သုည ဒသမ ၇ မီလီဂရမ်၊ နီအာစင် ၁ ဒသမ ၂ မီလီဂရမ်၊ ဗီတာမင်–C ၃၀၂ မီလီဂရမ်၊ ကယ်လ်စီယမ် ၃၀ မီလီဂရမ်၊ ဖော့စဖရပ်စ် ၂၉ မီလီဂရမ်၊ ကစီဓာတ် ၁၇ ဒသမ ၁ ဂရမ်၊ ပရိုတင်း ၁ ဂရမ်နှင့် ကယ်လိုရီ ၇၀ ခန့်ပါရှိသည်။

ဆီးချိုရောဂါအတွက် မာလကာသီးစားပါ

မာလကာသီးကို အိန္ဒိယနိုင်ငံရှိ The University of Allahabad တွင် သုတေသနပြုစမ်းသပ်ခဲ့ရာ မာလကာသီးအခွံသည် သွေးထဲရှိ သကြားပမာဏကို မြင့်တက်စေနိုင်သော်လည်း အသီးအတွင်းရှိ အသားနှင့်အစေ့တို့က သွေးထဲရှိဂလူးကို့စ်ပမာဏကို လျှော့ချပေးနိုင်စွမ်းရှိသည်။ ထို့ကြောင့် ဆီးချိုရောဂါဝေဒနာသည်များ မာလကာသီးကို အခွံဖယ်၍ စားသုံးပေးခြင်းဖြင့် ကျန်းမာရေးကို ကောင်းကျိုးပြုသည်။ တိုကျိုမြို့ရှိ The Yakult Central Institute for Microbiological Research တွင် သုတေသနပြုလုပ်ခဲ့ရာ မာလကာရွက်ကို ရေနွေးကြမ်းအဖြစ်သောက်ပေးခြင်းဖြင့် အင်ဆူလင်ပမာဏပြောင်းလဲခြင်းမရှိဘဲ သွေးထဲရှိ alpha–glucosidase အင်ဇိုင်းများကို ထိထိရောက်ရောက် ဟန့်တားပေးနိုင်၍ ဆီးချိုရောဂါဝေဒနာသည်များ ယုံကြည်စိတ်ချစွာသောက်သုံးသင့်ကြောင်း အကြံပြုထားသည်။

ဝမ်းလျှော၊ ဝမ်းကိုက်ခြင်းအတွက် မာလကာသီးစားပါ

မာလကာသီးတွင် အစာခြေစနစ်ကို တိုးတက်ကောင်းမွန်စေသော ဗီတာမင်–C၊ ကယ်ရိုတီန်ပြက်စ်နှင့် ပိုတက်ဆီယမ်တို့ပါရှိသည့်အပြင် လူသားတို့၏ အူနှင့် ကလီစာတစ်သျှူးများကို ကောင်းကျိုးပြုသည့် astringents ဓာတ်ပေါင်းစုတို့ အမြောက်အမြားပါရှိခြင်းကြောင့် အူထဲရှိ မကောင်းသော ဗက်တီးရီးယားပိုးမွှားများကိုသေစေနိုင်ခြင်း၊ အလွန်သေးငယ်သော ရောဂါပိုးမွှားများ ကြီးထွားလာမှုကို တားမြစ်ပေးနိုင်ခြင်း၊ အူထဲရှိ ပိုလျှံသော အရိုအချွဲများကို ဖယ်ရှားသန့်စင်ပေးနိုင်ခြင်း စသည့်အစွမ်းသတ္တိများကြောင့် မာလကာသီးစားခြင်းဖြင့် ဝမ်းလျှော၊ ဝမ်းပျက်ရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အစာအိမ်နှင့် အူရောင်ခြင်းတို့ကို ကောင်းစွာကုသပေးနိုင်သည်။ ထို့ပြင် မာလကာရွက်ကို ရေနွေးကြမ်းခတ်သောက်ပေးခြင်းဖြင့် အူကို အဆိပ်အတောက်ဖြစ်စေသည့် ပိုးမွှားများအား ဟန့်တားကာကွယ်ပေးသောကြောင့် ကာလဝမ်းရောဂါမဖြစ်စေဘဲ အော်ဂလီဆန်ဖျိုအန်ခြင်းများကိုလည်း သက်သာစေသည်။

သွေးတိုးရောဂါအတွက် မာလကာသီးစားပါ

မာလကာသီးသည်သွေးထဲရှိမကောင်းသော ကိုလက်စထရောများကို လျှော့ချပေးကာ သွေးခဲခြင်းမှလည်း ကာကွယ်ပေးနိုင်သည်။ ထို့ပြင် အမျှင်ဓာတ်နှင့် သဘာဝ Hypoglycemia တို့ ကြွယ်ဝစွာပါရှိခြင်းကြောင့်လည်း သွေးဖိအားကျစေသည်။ လူတစ်ယောက်၏ တစ်နေ့တာ ပိုတက်ဆီယမ်လိုအပ်ချက် ၂၀ ရာခိုင်နှုန်းကို မာလကာသီးကြီးကြီးတစ်လုံးမှ ရရှိနိုင်သည်။ ထို့ကြောင့် မာလကာသီးစားခြင်းက သွေးတိုးရောဂါသက်သာစေနိုင်သကဲ့သို့ ယင်းရောဂါနှင့်ဆက်စပ်သော နှလုံးသွေးကြောရောဂါနှင့် လေဖြတ်ခြင်းဖြစ်နိုင်ခြေ အလားအလာတို့ကိုလည်း လျှော့ချပေးနိုင်သည်။

ကင်ဆာရောဂါအမျိုးမျိုးအတွက် မာလကာသီးစားပါ

မာလကာသီး၏အတွင်းထဲရှိ အသားထက် အခွံထဲတွင်ပါရှိသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက ပိုမိုဆေးစွမ်းထက်သည်။ အထူးသဖြင့် မာလကာသီး(အူနီသီး)အခွံထဲတွင်ပါရှိသော ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်သည့် Lycopene သည် ခန္ဓာကိုယ်ထဲရှိ မလိုလားအပ်သော Free Radical များကို တိုက်ထုတ်ပေးပြီး အမျိုးသားများ ဆီးကျိတ်ကင်ဆာနှင့် အမျိုးသမီးများ ရင်သားကင်ဆာ အကျိတ်ကြီးထွားလာမှုတို့ကို တားမြစ်ပေးနိုင်သည်။ ထို Lycopene ဓာတ်ကသားအိမ်ခေါင်းကင်ဆာဖြစ်နိုင်ခြေအလားအလာကို ၅၀ ရာခိုင်နှုန်းအထိလျှော့ချပေးနိုင်ကြောင်း အရီဇိုးနားတက္ကသိုလ်မှ သုတေသီများက အကြံပြုထားကြသည်။

သွားနှင့် ခံတွင်းရောဂါအမျိုးမျိုး အတွက် မာလကာသီးစားပါ

မာလကာရွက်ထဲတွင်ပါရှိသော Guaijaverin ခေါ် Flavonoids ဓာတ်ပေါင်းကသွားပိုးရောဂါဖြစ်စေသော ဗက်တီးရီးယားများ ကြီးထွားခြင်းကို ဟန့်တားကာကွယ်ပေးနိုင်သည်။ လည်ချောင်းနာခြင်း၊ လည်မျိုနှင့်အာသီးရောင်ခြင်း၊ သွားကိုက်ခြင်း၊ သွားဖုံးနာခြင်း စသည့် ခံတွင်းရောဂါအမျိုးမျိုးတို့အတွက် မာလကာရွက်ပြုတ်ရည်နွေးနွေးဖြင့် အာလုတ်ကျင်းပေးနိုင်သည်။ ထို့ပြင် Astringents ခေါ် တစ်သျှူးများကိုကျုံ့ကာ သွေးတိတ်စေသော အစွမ်းသတ္တိပါရှိသည့်အတွက် ဗီတာမင်–C ချို့တဲ့ခြင်းကြောင့်ဖြစ်တတ်သော သွားဖုံးရောင်၍ သွေးယိုစီးခြင်းကိုလည်း ကောင်းစွာကုသပေးနိုင်စွမ်းရှိသည်။

အရေပြားပြဿနာများအတွက် မာလကာသီးစားပါ

နိုက်ဂျီးရီးယားနိုင်ငံရှိ Federal University of Technology ၌ လေ့လာစမ်းသပ်ချက်များအရ မာလကာရွက်တွင် ဗက်တီးရီးယားပိုးမွှားများကို သေစေနိုင်သည့် အစွမ်းသတ္တိပါရှိနေခြင်းကြောင့် ခွဲစိတ်ထားသောဒဏ်ရာများကို ပိုးမဝင်စေရန်၊ အရေပြားပေါ်ရှိ ကူးစက်နာများကို ပိုးသေစေရန်၊ အသားအရေပေါ်တွင် ပွန်းပဲ့ရှနာထိခိုက်မှုဖြစ်ပွားပါက သွေးတိတ်ပြီး အနာမြန်မြန်ကျက်စေရန် စသည်တို့အတွက် မာလကာရွက်ကို ရေစင်စင်ဆေးကာ ကြိတ်ခြေပြီး အုံ့ပေးနိုင်သည်။ ထို့ပြင် သွေးဆိပ်တက်၍ ခန္ဓာကိုယ်ယားယံခြင်းအတွက် မာလကာရွက်ကိုရေစိမ်ပြီး ချိုးပေးသင့်သည်။ ဦးရေပြားပေါ်တွင် ဒဏ်ပေါက်ခြင်းနှင့် ဆံသားများခြောက်သွေ့ခြင်းတို့အတွက် မာလကာရွက်အရည်လိမ်းပေးနိုင်သည်။ မာလကာရွက်ထဲတွင် ဗီတာမင်–A ပါရှိခြင်းကြောင့် ဆံသားအမြစ်များသန်မာအောင် စွမ်းဆောင်ပေးနိုင်သည်။ ကျန်းမာသန့်ရှင်းသော အသားအရေပိုင်ဆိုင်လိုပါက မာလကာရွက်နုများနှင့် လတ်ဆတ်သော မာလကာသီးတို့ကို ရောပြုတ်၍ နေ့စဉ် ရေချိုးပေးခြင်းဖြင့် အသားအရေပေါ်ရှိ အဆိပ်အတောက်များကို ဖယ်ရှားပစ်ပြီး စိုပြည်လှပလာပါလိမ့်မည်။

အထွေထွေရောဂါများအတွက် မာလကာသီးစားပါ

အိပ်မပျော် ခေါင်းမကြည်ခြင်းနှင့် ခေါင်းမူး၊ ခေါင်းကိုက်ခြင်းဝေဒနာများ အတွက် မာလကာရွက်ကို ရေဆေးပြီး လက်ဖြင့်ပွတ်ခြေကာ ရှူပေးရုံမျှဖြင့် ဝေဒနာများ ပျောက်ကင်းစေနိုင်သည်။ ဗီတာမင်–C ကြွယ်ဝသည့်အတွက် မာလကာသီးကို မှန်မှန်စားပေးခြင်းဖြင့် ခန္ဓာကိုယ်ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်သည်။ တိုင်းရင်းဆေးဝါးကုထုံးများတွင် ဝက်ရူးပြန်ဝေဒနာရှင်များကို မာလကာရွက်ပြုတ်ရည်ဖြင့် ရေချိုးစေပါသည်။ နှာစေး၊ ချောင်းဆိုး၊ ပန်းနာ၊ ရင်ကျပ်နှင့် အဆုတ်ရောဂါဝေဒနာရှင်များ မာလကာရွက်ပြုတ်ရည်သောက်သုံးခြင်းဖြင့် သက်သာစေနိုင်သည်။

မာလကာသီးဖြင့် မိမိအိမ်တွင် Lotion ပြုလုပ်နည်း

မာလကာသီး Lotion ကို လိမ်းလိုက်သောအခါ အသီးထဲတွင်ပါရှိသော ဗီတာမင်–A နှင့် ဗီတာမင်–C များက အသားထဲသို့စိမ့်ဝင်သွားပြီး အစိုဓာတ်ထိန်းပေးကာ အရေးအကြောင်းများမရှိတော့ဘဲ မျက်နှာအသားအရေကို ချောမွေ့ဝင်းမွတ်လာစေသည်။ အဆီများပြီး ဝက်ခြံပေါက်သော အသားအရေပိုင်ရှင်များလည်း ယုံကြည်စိတ်ချစွာလိမ်းနိုင်ပါသည်။ အလှကုန်စျေးကွက်တွင် မာလကာသီးဖြင့် ပြုလုပ်ထားသော အလှပြင်ထပ်ဆင်များက အတော်အတန် စျေးနှုန်းမြင့်မားသည်။ သို့သော် ကုန်ကျစရိတ်နည်းနည်းနှင့် အာနိသင်ရှိသော မာလကာသီး Lotion ကို မိမိအိမ်တွင် အောက်ပါအတိုင်း အလွယ်တကူ ပြုလုပ်နိုင်ပါသည်။

ရှေးဦးစွာ မာလကာသီးနှစ်လုံးကို အခွံနွှာ၍ကြိတ်စက်ထဲထည့်ပြီး အစေ့များကြေသွားသည်အထိ နှစ်မိနစ်ခန့် ကြိတ်ထားပါ။ ထို့နောက် အပူခံခွက်တစ်ခုထဲသို့ ပျားရည်လေးဇွန်းထည့်၍ Micro-wave ထဲတွင် အပူရှိန်ပြင်းပြင်းဖြင့် ပျားရည်ပျော်သွားသည်အထိ ၁၀ စက္ကန့်မျှ အပူပေးပါ။ ပျားရည်ထဲသို့ သံလွင်ဆီ လေးဇွန်းထည့်၍ ရောမွှေပေးပါ။ ထို အရောအနှောများထဲသို့ ကြိတ်ထားသော မာလကာသီးအနှစ်ရည်များ အားလုံး လောင်းထည့်ပြီး တစ်ပြေးညီဖြစ်သွားအောင် မပြတ်မွှေပေးပါ။ ၎င်းတို့ကို Micro-wave ထဲထည့်၍ အင္ဂေ့ပြန်သွားသည်အထိ စက္ကန့် ၃၀ ခန့် အပူပေးပါ။ သိပ်မအေးခင် အဖုံးလုံသော ဘူးတစ်ဘူးထဲသို့ ပြောင်းထည့်ပြီး အဖုံးကိုလုံအောင် ပိတ်ထားပါ။ အေးသွားသောအခါ ထို Lotion ဘူးကို ရေခဲသေတ္တာထဲသိမ်းပါ။ ထိုသို့ ပြုလုပ်သော Lotion ထဲတွင် တာရှည်အထားခံရန် ဖြည့်စွက်ဓာတုပစ္စည်းလုံးဝ မပါရှိသည့်အတွက် အခန်းအပူချိန်တွင် ထားပါက အာနိသင်ပျက်ပြယ်စေနိုင်၍ သတိပြုသိမ်းဆည်းပါ။ အချိန်နှစ်လ ကျော်ကြာ ပြုလုပ်ပြီးသော Lotion ကို မသုံးပါနှင့်။

သတိပြုရန်

မာလကာသီးက သွေးချိုပ်စေတတ်၍ ရာသီသွေးအဆင်းလွန်သူများ မှန်မှန်မှီဝဲစားသုံးပေးသင့်သော်လည်း ပုံမှန် ဓမ္မတာလာသူများနှင့် ဓမ္မတာမမှန်သူများ ရာသီလာစဉ် မာလကာသီးလုံးဝ မစားပါနှင့်။ မာလကာသီးအခွံက အနည်းငယ်ဖန်၍ အခွံနွှာစားတတ်ကြသည်။ တချို့ကလည်း မာလကာစေ့က အူအတက်ပေါက်စေနိုင်သည်ဟု ယုံကြည်ကြသည်။ အမှန်တကယ်မှာ မာလကာသီး၏အသားထက် အခွံနှင့်အစေ့တို့က ကျန်းမာရေးကို ပိုမိုအကျိုးပြုစေသော အစိတ်အပိုင်းများဖြစ်သည်။ ထို့ကြောင့် အခွံနှင့်အစေ့တို့ကိုပါ ညက်ညက်ဝါး၍ စားပေးသင့်ပါသည်။

မှတ်ချက်

မာလကာသီး သေးသေးကျစ်ကျစ်က အဖန်ဓာတ်များပြီး ချောင်းဆိုး၊ သလိပ်ပွစေတတ်၍ ထိုအသီးမျိုးကိုရှောင်ပါ။ အပေါ်ယံအခွံပြောင်တင်းပြီး အပြစ်အနာ အဆာကင်းသောအသီးတို့ကိုသာ ရွေးချယ်ပါ။ မာလကာသီး၏သဘောသဘာဝသည် အပင်မှခူးဆွတ်ပြီးနောက် တဖြည်းဖြည်းမှည့်လာတတ်၍ အခန်းအပူချိန်တွင် ထားပေးသင့်သည်။ အပူဓာတ်စာအသီးဖြစ်၍ ရေခဲသေတ္တာထဲ သိမ်းဆည်းမထားသင့်ပေ။

မိတ္ထီလာမြို့နယ်တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဇူလိုင် ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြို အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာတင်တော်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်းစည်းကမ်းများကိုရှင်းလင်းပြောကြားသည်။ ထို့နောက် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာပြိုင်ထွဲဝင်ကျောင်းသား၊ ကျောင်းသူများက အာဇာနည်စိတ်ဓာတ်၊ အာဇာနည်နေ့ တို့မမေ့ခေါင်းစဉ်များဖြင့်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(ဒေါ)

ယင်းမာပင်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဝါသီးနှံဧက ၁၉၁၅၀ စိုက်ပျိုးမည်

ယင်းမာပင် ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဝါသီးနှံဧက ၁၉၁၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ယင်းမာပင်ခရိုင်၌ ဝါသီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၅၀၀၀၊ ကနီမြို့နယ်တွင် ဧက ၇၀၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၂၀၀ နှင့်ပုလဲမြို့နယ်တွင် ဧက ၃၉၅၀ စုစုပေါင်းဧက ၁၉၁၅၀ တို့ဖြစ်သည်။

"ဒီလထဲမှာ စတင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝါသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာမှာ သီးနှံမျိုးကောင်းမျိုးသန့်တွေ တောင်သူများ လွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေပံ့ပိုးပေးမယ်" ဟု ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် ဝါသီးနှံစိုက်ပျိုး တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူလိုအပ်သည့်နည်းပညာများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီးရှိစစ်ကိုင်း၊ မုံရွာ၊ယင်းမာပင်၊ရွှေတိုနှင့်ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ဝါသီးနှံစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့်ကြက်သွန်နီဖြင့် သီးကြိုစိုက်ပျိုးခြင်းနှင့် ပဲစင်းငုံဖြင့် သီးညှပ်စိုက်ပျိုးနိုင်သည့်အတွက် သီးနှံတစ်မျိုးမျိုးရရှိမည်ဖြစ်ပြီး စိုက်ပျိုးတောင်သူများ ဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း သိရသည်။

(၄ဝ၉)

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ဥပဒေဆိုင်ရာအသိပညာပေးဟောပြော

ပေါင် ဇူလိုင် ၁၇

မွန်ပြည်နယ် ပေါင်မြို့နယ် ကော့ကရင် အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိဦးမျိုးထက်ကျော်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများကိုလည်းကောင်း၊ အမှတ်(၆၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(သထုံ)မှ ရဲအုပ်စောထင်လင်းက မူးယစ်ဆေးဝါး၏ဆိုးကျိုးများကိုလည်းကောင်း၊ ဒေါက်တာသက်နိုင်ကခွေးရူးရောဂါ၏ ဆိုးကျိုးများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်တင်ဇောစိုးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူကုန်ကူးမှု၏ဆိုးကျိုးများကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိလိုသည့်အကြောင်းအရာများကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုကြကြောင်း သိရသည်။(၄ဝ၆)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၂၅ (သောကြာနေ့)

၁။	ဝ၆:ဝဝ	တရားတော်
၂။	ဝ၈:ဝဝ	စိုက်ပျိုးသုတ
၃။	ဝ၉:ဝဝ	ကျန်းမာသုတ
၄။	၁ဝ:ဝဝ	သီချင်းလက်ဆောင်
၅။	၁၁:ဝဝ	မြတ်ဗုဒ္ဓ၏သာသနာ
၆။	**၁၉:ဝဝ**	**ရုပ်မြင်သံကြားဇာတ်လမ်း**
		မြန်မာမော်ကွန်း(အပိုင်း-၃)ဇာတ်သိမ်း

သရုပ်ဆောင်- နေယံ၊ သင်းသင်းယုလှိုင်
ဒါရိုက်တာ-စင်ရော်မောင်မောင်

MWD Variety Channel

၁၈-၇-၂၀၂၅ (သောကြာနေ့)

၁။	၁ဝ:၃၁	ကျန်းမာသောဘဝ
၂။	၁၁:၄၅	တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ MSME လုပ်ငန်းများမြှင့်တင်စို့
၃။	၁၂:၁၉	ပေးရ်မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ
၄။	၁၆:၁၄	လူငယ်ရှေ့ရေး အတွေးကမ္ဘာ
၅။	၂၂:၁၅	Recycle World

မမေ့ကောင်းစရာ သည်တစ်နေ့

❖ ဇူလိုင် ၁၉ ရက်၊ နံနက်စောစော မိုးရောလေပါ၊ စွေရွာဖွဲ့ဖွဲ့ ရှိနေဆဲတွင်၊ ပုံပြင်မဟုတ် သရုပ်သကန်၊ အဖြစ်မှန်နှင့် မြည်သံမစဲ၊ ကျည်ဆန်ဝဲ၍ သေပွဲဝင်ရှာ၊ တို့အာဇာနည် တို့တိုင်းပြည်အတွက်၊ အသက်စွန့်တာ ရင်နာဖွယ်ကောင်း၊ ဒီဇာတ်ကြောင်းကို ပြန်ပြောင်းသတိရတော့သည်။

❖ တိုင်းပြည်အရေး၊ ဦးစားပေး၍ စုဝေးဆုံးဖြတ်၊ မှတ်တမ်းတစ်ခု ပြုစုနေချိန်၊ ဇီဝိန်ချုပ်ရ မြန်မာ့ဇာနည်၊ ပေါင်းစစ်သည်တို့ ရော်ရည်မျှော်မှန်း၊ လွတ်လပ်ပန်းကို ဆင်မြန်းရအောင်၊ ခေါင်းဆောင်ကြီးပမ်း ဗိုလ်အောင်ဆန်းမို့၊ ငါတို့မမေ့ ယနေ့ထိတိုင်၊ စွဲကိုင်နှလုံး ကြိမ်မီးအုံးသို့၊ အပူလုံးကြွ လုံးဝမမေ့ ထိုတစ်နေ့။

❖ သက်ပေးရယူ၊ မြန်ပြည်သူအတွက် မပူအေးချမ်း၊ ငြိမ်းချမ်းပန်းကို ဆင်မြန်းရအောင်၊ ကြံဆောင်ခဲ့ကြ သာဓကကို၊ လုံးဝပျောက်ကွယ် မသွားဖွယ်အရေး၊ အစဉ်တွေးလှစ် ခေတ်သစ်လူငယ်၊ ပခုံးဝယ်ထမ်း ကြိုးပမ်းမလျှော့ ဇွဲရှိလေ့။

❖ ညြော် အချိန်တွက်စစ်၊ (၇၈)နှစ် ကြာခဲ့ဖြစ်လည်း၊ စဉ်ပဲမမေ့ လက်တွေ့တာဝန်၊ တို့ကျေပွန်စွာ ထမ်းဆောင်ပါမှ၊ ကမ္ဘာ့အလယ် ဝင့်ထည်တည်ကြည်၊ ရှိမည်အကြောင်း ထပ်လောင်းသတိ ပေးအပ်ဘိသည် အမိမြေလွှာ ရှည်ကြာစေသတည်း။ ။

ဘိုမျိုး(ရွှေဘို)

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

ကျွန်ုပ်မူကား လက်ယာဘက်သို့ စောင်းလိုက်သည့်အခါ ကိုယ်တုံးလုံး ချွတ်ထားသည့် လှည်းသမားအဘိုးကြီး၏ ချွေးနံ့သည်လည်းကောင်း၊ လက်ဝဲဘက်သို့စောင်းလိုက်သည့်အခါ (ငါးပိ၊ ငါးခြောက်လည်ရောင်းတတ်သည့်) ဈေးသည်မိန်းမကြီး၏ ငါးညှီနံ့သည်လည်းကောင်း၊ နှာခေါင်းထဲသို့ တစ်လှည့်စီတိုးဝင်သည်နှင့် တည့်တည့်ကြီးပက်လက်လှန်၍ အိပ်ရဏ်။ ကျွန်ုပ်မှာလည်း တကယ်အိပ်ပျော်အောင် အိပ်သောအခါတွင် ပက်လက်လှန်၍ မအိပ်တတ်ဘဲ တစ်ဖက်ဖက်သို့စောင်း၍ အိပ်ရမည်ဖြစ်သောကြောင့် အိပ်မပျော်နိုင်ဘဲ ဒုက္ခရောက်လျက်ရှိပါတော့သည်။ နောက်ဆုံး၌ ကျွန်ုပ်သည် အိပ်မပျော်နိုင်သည့်အတူတူ ဒုက္ခခံ၍မနေတော့ပါဟု ဆိုကာ ဖျာပေါ်မှထ၍ ညောင်ပင်မြစ်ရင်းသို့ သွားပြီးလျှင် သစ်ပင်ကိုမှီ လျက် မိုးလင်းသည့်တိုင်အောင် ထိုင်နေပါတော့သည်။ ကျွန်ုပ်သည် ဂျပန်ခေတ်ခရီးသွားရာတွင် အကျဉ်းအကျပ်အမျိုးမျိုးနှင့် ကြုံခဲ့ရဖူးသော်လည်း ကတ်ကတ်သတ်သတ်ရောက်ရသော ဤဒုက္ခမျိုးမှာ ဤတစ်ကြိမ်သာ အမှတ်တရကြုံရဖူးပါသည်။ ဤအကြောင်းကို စဉ်းစားလိုက်သည့်အခါ ဒုက္ခဆင်းရဲတွေ့ရသည့်အရာဌာနတွင် ကျွန်ုပ်ကဲ့သို့စုံသောသူ ရှားလိမ့်မည်ဟု ပြုံးမိပါသည်။

အပြောင်းအလဲ၏ သက်သာခြင်း

အရုဏ်တက်ချိန်တွင်ထ၍ မောင်းကြသဖြင့် နံနက်စျေးချိန်တွင် ရှိမ်းမကားရွာသို့ ရောက်ကြလေရာ ကျွန်ုပ်သည် မုန့်ဟင်းခါးတစ်ပန်းကန်စားပြီးနောက် မြစ်တစ်ဖက်ကမ်း၌ရှိသော မြေရွာသို့ကူးရန် သမ္မန်စုံစမ်းလေ၏။ ကျွန်ုပ်တစ်ယောက်တည်း သမ္မန်တစ်စင်းလုံး မငှားနိုင်သဖြင့် တခြားလူများနှင့်အတူ ကူးရမည်ဖြစ်ရာ ခရီးသည်များသည် စျေးဝယ်များဖြစ်ကြ၍ အပြည့်အစုံဝယ်ပြီးမှ မြစ်တစ်ဖက်သို့ ပြန်ကူးကြမည်ဖြစ်သောကြောင့် နေပူသည့်တိုင်အောင် စောင့်နေရ၏။ နောက်ဆုံးတွင် ၁၁ နာရီထိုးခါမှ နေပူကျဲကျဲ၌ ကူးကြရသည်။ မြစ်လယ်ကောင်ကျော်လတ်သော် သမ္မန်သည် သောင်များ၊ ကျွန်းများအကြားရှိ ရေလက်ကြားလေးများမှ ဆန်တက်ရာတွင် ထီးမပါခဲ့သောကျွန်ုပ်မှာ ပူလှသော လှေပေါ်တွင်ထိုင်၍ လိုက်ရခြင်းထက် ကုန်းကြောင်းလျှောက်ရခြင်းက တော်လိမ့်မည်ဆိုကာ လှေကိုရပ်ခိုင်းပြီး ကျွန်းထဲတစ်လျှောက် ခြေကျင်လျှောက်ခဲ့လေ၏။ ပထမ၌ ငြိမ်ငြိမ်ထိုင်ပြီး အပူခံရခြင်းထက် လှုပ်ရှားလျက်ခံရခြင်းက သက်သာရာရသည်ထင်၏။ အတန်ကြာ လမ်းလျှောက်လိုက်သောအခါ၌မူ နေပူခြင်းကားတစ်ဖက်၊ ခြေလှမ်းရခြင်းကားတစ်ဖက် သာ၍ပင်ပန်းသည်ထင်လာသဖြင့် ရပ်ခိုင်းပြီး တက်၍စီး၏။ အတန်ကြာပြန်သော် ငြိမ်သက်စွာအပူခံရခြင်းက သာ၍ဆိုးသည်ဟု ထင်လာပြန်သဖြင့် ရပ်ခိုင်းပြီး ဆင်းပြန်၏။ နောက်ဆုံး၌ ကျွန်ုပ်တွေ့ရှိရသည်မှာ မည်သည်ကမျှ သက်သာသည်ဟူ၍မရှိ။ အပြောင်းအလဲသည်သာလျှင် သက်သာခြင်းဖြစ်သည်ဟု သဘောပေါက်လာပါတော့သည်။ ဤသို့ဖြင့် ဆင်းချည်တက်ချည်ခရီးသွားခဲ့ရာ ညနေစောင်းတွင်မှ ဥဒိန်ရွာသို့ ဆိုက်ရောက်လာပါသည်။ ရှိမ်းမကားရွာမှ မြစ်အရှေ့ဘက်သို့ ကူးရခြင်းမှာ ဘာလိုလိုနှင့် တစ်နေ့ခရီးဖြစ်နေသဖြင့် အံ့သြရင်း (မုန့်ဟင်းခါးတစ်ပန်းကန်တည်း စားမိခဲ့၍) ဗိုက်ထဲက တကြုတ်ကြုတ်မြည်ကာ အစာတောင်းလျက်ရှိလေပြီ။

"ကျွန်ုပ်သည် လှေပေါ်မှဆင်းပြီး ရေဆိပ်တွင် တွေ့ရသည့် တဲလေးထဲသို့ဝင်၍ ထိုင်နေစဉ် ရွာသားတစ်ယောက်ကိုတွေ့၍ စုံစမ်းရာ ကျွန်ုပ်သွားလိုသည့်ရွာမှာ တစ်မိုင်ကျော်မျှသာဝေးသည်ဆိုသောကြောင့် အားတက်မိ၏။ သို့သော် မန္တလေးမြို့မှ ဦးတင်နှင့်ဒေါ်စုတို့ရှိပါ၏လောဟုမေးသောအခါ မြေရွာ၌မနေကြ။ ကပိုင်ရွာ၌ နေကြသည်ဟုပြောသောကြောင့် ပက်လက်လန်မတတ် အားလျော့သွားပါသည် . . ."

မမျှော်လင့်သောမိတ်ဆွေ

ကျွန်ုပ်သည် လှေပေါ်မှဆင်းပြီး ရေဆိပ်တွင်တွေ့ရသည့် တဲလေးထဲသို့ဝင်၍ ထိုင်နေစဉ် ရွာသားတစ်ယောက်ကိုတွေ့၍ စုံစမ်းရာ ကျွန်ုပ်သွားလိုသည့်ရွာမှာ တစ်မိုင်ကျော်မျှသာဝေးသည်ဆိုသောကြောင့် အားတက်မိ၏။ သို့သော် မန္တလေးမြို့မှ ဦးတင်နှင့်ဒေါ်စုတို့ရှိပါ၏လောဟုမေးသောအခါ မြေရွာ၌မနေကြ။ ကပိုင်ရွာ၌ နေကြသည်ဟု ပြောသောကြောင့် ပက်လက်လန်မတတ် အားလျော့သွားပါသည်။ အကြောင်းမူကား နံနက်စာထမင်းမစားခဲ့ရ၍ ညနေစာစားဖို့ အချိန်နီးပြီဟု မျှော်လင့်လျက်ရှိသော ကျွန်ုပ်မှာ ကပိုင်ရွာသို့ရောက်အောင် ဘယ်နှရက်သွားရဦးမည် မသိနိုင်သည့်ခရီးနှင့် ရင်ဆိုင်လျက်ရှိပါသောကြောင့်တည်း။ ကျွန်ုပ်သည် စာမူလိပ်ကလေးကို ချိုင်းတွင်ညပ်လျက် အကြော်ဆိုင်ဟောင်းနှင့်တူသော တဲလေးအောက်၌ ထိုင်နေစဉ် အဝေးမှ လူငယ်တစ်ယောက် လျှောက်လာသည်ကို မြင်ရ၏။

လူငယ်သည် လက်ထဲ၌ ထမင်းချိုင့်တစ်ခုကို ဆွဲလာရာ ငါ့အတွက် ထမင်းပို့လာခြင်းဖြစ်လျှင် ကောင်းလေစွဟု စိတ်ကူးယဉ်မိ၏။ အနီးသို့ ရောက်သောအခါ လူငယ်က "ဟင် ဆရာကြီးပါကလား" ဟုဆိုကာ ရပ်တန့်ပြီးမေးလေရာ ကျွန်ုပ်က ဦးထင်၊ ဒေါ်စုတို့ထံသို့ လာခြင်းဖြစ်ကြောင်း ပြောပြ၏။ ကျွန်ုပ်ကမူ ထိုလူငယ်အား တွေ့မြင်ဖူးသည်မထင်ပေ။ နောက်ဆုံး၌ လူငယ်က ကျွန်ုပ်၏စာပေများကို ဖတ်ဖူးသည့်အပြင် သူ၏ဖခင်သည်လည်း ကျွန်ုပ်၏ဖခင်ကို ကောင်းကောင်းသိကြောင်းပြောလေ၏။ သူ၏ဖခင်မှာ ဦးညိုဖြစ်ကြောင်းပြောရာ ကျွန်ုပ်ကလည်း ဦးညို ကိုတော့ သိပါသည်။ နောက်ဆုံး၌ ဦးထင်တို့ မရှိသော်လည်း သူ၏အိမ်မှ စောင့်နေနိုင်ကြောင်း၊ ဦးထင်ကိုယ်တိုင် တစ်ရက်၊ နှစ်ရက်အတွင်း လာမည်ဟု သတင်းကြားကြောင်းပြော၍ သူ၏အိမ်သို့ ဖိတ်ခေါ်ပါသည်။ သဲကန္တာရ၌ သွားလာသောခရီးသည်သည် စွန်ပလွံပင်အုပ်စုကို မြင်သောအခါ၌ ကျွန်ုပ်ထက် ပို၍ဝမ်းသာနိုင်လိမ့်မည်မထင်ပေ။ "ဆရာကြီး ဒီမှာခဏစောင့်နေဦး၊ ဘုန်းကြီးကျောင်းကို ဒီမှန့်လေးသွားပြီး လှူလိုက်ဦးမယ်" ဟုဆိုကာ လူငယ်ထွက်သွားလေရာ ကျွန်ုပ်၏စိတ်ထဲ၌ "ငါ့အတွက် ထမင်းမဟုတ်သော်လည်း ဘုန်းကြီးအတွက် မုန့်တော့ ဟုတ်သည်၊ သို့ဆိုလျှင် သူ့အိမ်တွင် မုန့်တော့ရှိကောင်းပါသေး" ဟု အောက်မေ့မိသည်။

ထမင်းနှစ်နပ်ငတ်ခြင်း

လူငယ်ပြန်လာသောအခါ ကျွန်ုပ်သည် သူ့နှင့်အတူ လိုက်သွား၍ တစ်မိုင်ကျော်ခန့်လျှောက်ကြရာတွင် မြေရွာသို့ ရောက်ကြလေ၏။ ဤနယ်၌ မြေရွာပေါင်းလေး၊ ငါးခြောက်ရွာ ရှိသည်ဆိုရာ သူ၏ရွာကား မြက်ရှောလော၊ မြေပွေးလော၊ ဘာမြေဖြစ်သည်ဟု ကျွန်ုပ် မမှတ်မိ။ ထမင်းဆာခြင်းကိုသာ ကျွန်ုပ်မှတ်မိသည်။ အိမ်သို့ရောက်ကြသောအခါ၌ နေဝင်ပြီး အလင်းရောင်မျှလောက်သာ ကျန်တော့ပေရာ လူငယ်က "ဆရာကြီး ထမင်းစားခဲ့ရသေး မထင်ပါဘူး။ မုန့်ဆီကြော်နဲ့ လက်ဖက်ရည်ကြမ်းသောက်နှင့်ပေဦးတော့၊ ကျွန်တော် ထမင်းချက်ခိုင်းလိုက်ဦးမယ်" ဟုပြော၏။ ကျွန်ုပ်ကမူ ကောင်းကောင်းမသိသူတစ်ယောက်အား ဒုက္ခပေးဖို့အားနာသည်နှင့် "ထမင်းတော့ နေပါစေ မောင်ရယ်၊ လက်ဖက်ရည်ကြမ်းသောက်ရလျှင် တော်ပါပြီ" ဟု ပြောသည်နှင့် လူငယ်က ပြင်ဆင်လေသည်။ ဤနေ့မှာ ကဆုန်လပြည့်နေ့ဖြစ်၍ ရွာများထုံးစံအတိုင်း မုန့်ကြော်ကြရာ ကျွန်ုပ်အား မုန့်ဆီကြော်သုံး၊ လေးခုနှင့် လက်ဖက်ရည်ကြမ်းကရား တည်ခင်းကျွေးမွေးလေ၏။ ဘာမဆို ခပ်များများ စားလိုက်ချင်သောအခြေအနေသို့ ဆိုက်ရောက်လျက်ရှိသည့် ကျွန်ုပ်မှာမူ အလွန်အရသာရှိသည်ဟုထင်ရသော မုန့်ဆီကြော်များကိုစား၍ လက်ဖက်ရည်ကြမ်းသောက်နေစဉ် လူငယ်က "ဆရာကြီး သိပ်မစားနဲ့ဦးနော်၊ ထမင်းမစားနိုင်ဘဲနေဦးမယ်၊ ထမင်းအိုး တည်ခိုင်းထားပြီ" ဟုပြော၏။ ကျွန်ုပ်မှာမူ မုန့်ဆီကြော်နှင့်ပင် အလွန်ကျေနပ်နေပြီး အဝစားရန် ကြိုရွယ်ထားသည်ဖြစ်သောကြောင့် ထမင်းမချက်စေရန် အကျောက်အကန်တားဆီးလိုက်ပါတော့သည်။

"ဟုတ်ပါ့မလား၊ ဝပါ့မလား ဆရာကြီး"

"ဝပါ့ဗျာ၊ ထမင်းစားလျှင်တော့ ဗိုက်ပေါက်ထွက်ရုံရှိတော့တယ်"ဟု ပြောလိုက်သဖြင့် ကျေနပ်သွားပါသည်။

ဦးသိန္ဓိ

နောက်တစ်နေ့၌ တခြားမြေရွာတစ်ရွာတွင် နေထိုင်လျက်ရှိသည့် ကျွန်ုပ်နှင့် အသိအကျွမ်းဖြစ်သူ ဦးသိဒ္ဓိ၏အိမ်သို့ ပြောင်းရွှေ့နေထိုင်လိုကြောင်း ကျွန်ုပ်ကပြောသည်နှင့် လူငယ်က လိုက်၍ပို့ပေးသည်။ ဦးထင်လာလျှင် ထိုအိမ်သို့လာလိမ့်မည်ဟုလည်း သိရသည်။ ကျွန်ုပ်သည် ဦးသိဒ္ဓိနှင့် တစ်ကြိမ်၊ နှစ်ကြိမ်ဆွေးနွေးဖူးရာ တွေးရဲ၊ ခေါ်ရဲ၊ ယူဆရဲခြင်းနှင့် လူအများစု၏ထင်မြင်ချက်ကို ဂရုမစိုက်တတ်ခြင်းတည်းဟူသော အခြင်းအရာများတွင် ကျွန်ုပ်နှင့် ခပ်ဆင်ဆင်တူကြသည်ဖြစ်၍ မြင်လျှင် မြင်ချင်း အပြန်အလှန်ခင်မင်လေးစားကြသည်။ **ဆက်လက်ဖော်ပြပါမည်။**

သဲကုန်းမြို့နယ်၌ (၇၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲကျင်းပ

သဲကုန်း ဇူလိုင် ၁၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ (၇၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲကို ဇူလိုင်လ ၁၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများ သိရှိစေရန်၊ စာပေဖတ်ရှုလေ့လာပြီး အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်း၊ အာဇာနည်စိတ်ဓာတ်များကို အတုယူ၍ နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရေး စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(သဲကုန်း)မှ အခြေခံပညာအလယ်တန်းအဆင့်ကျောင်းသား၊ကျောင်းသူများက အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြရာ ဆုရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များပေးအပ်သည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက အာဇာနည်ခေါင်းဆောင်ကြီးများ၏အတ္တုပ္ပတ္တိအကြောင်း၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း နံရံကပ် စာစောင်များကို ကြည့်ရှုလေ့လာခဲ့စာစောင်များနှင့် သုတ၊ ရသစာအုပ် ကြောင်း သိရသည်။ **ချမ်းမြေ**

"မြန်မာ့တန်ဖိုး... မြန်မာ့အနာဂတ်" (Myanmar's Value – Myanmar's Future)

မောင်မိုး

"သနပ်ခါး၏ အေးမြသင်းပျံ့သော မွှေးရနံ့မှသည်

ဆယ့်နှစ်ရာသီပန်းများ၏ ရောင်စုံဝင့်လွင်သော ပွင့်ချပ်များအထိ...

ဧရာဝတီ၏ ငြိမ်းချမ်းသော စီးဆင်းမှုမှသည်

စိမ်းလန်းသော ရိုးမတောင်တန်းများအထိ...

မြန်မာတို့၏အင်အားသည် မြန်မာ့အမွေအနှစ်များ၊

မြန်မာ့တန်ဖိုးများတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေပါသည်..."

မြန်မာနိုင်ငံသည် ခိုင်မာသောသမိုင်းကြောင်း၊ ကြွယ်ဝသောယဉ်ကျေးမှုအစဉ်အလာများဖြင့် ပြည့်နှက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ရွှေတိဂုံစေတီတော်၏ ကြီးမြတ်သော သာသနာ့ရွှေရောင်ထွန်းပြောင်မှုမှသည် ဧရာဝတီမြစ်၏ အေးချမ်းသာယာသောစီးဆင်းမှုအထိ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်လက္ခဏာကို ရာစုနှစ်ပေါင်းများစွာတည်ရှိခဲ့သည့် ရိုးရာဓလေ့များ၊ တိုင်းရင်းသားလူမျိုးများ၏ ကြံ့ခိုင်မှုများဖြင့် စုစည်းပုံဖော်ထားသည်။ စင်စစ်အားဖြင့် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်လက္ခဏာသည် လှပတင့်တယ်စေသည့် အလှကုန်ပစ္စည်းတစ်ခုထက်ပိုသည်။ ၎င်းသည် သန့်ရှင်းစင်ကြယ်မှု၊ နေရောင်ခြည်ဒဏ်ကိုကာကွယ်နိုင်မှုနှင့် မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းလာသောရိုးရာဓလေ့ကို ကိုယ်စားပြုသည်။ ထိုကဲ့သို့ပင် မြန်မာတို့၏ ယဉ်ကျေးမှုမြင့်မားခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် ကြံ့ကြံ့ခံနိုင်ခြင်းတို့သည် မြန်မာ့တန်ဖိုးများဖြစ်ပြီး ထိုတန်ဖိုးများကို မျိုးဆက်တစ်ခုပြီးတစ်ခုလက်ဆင့်ကမ်း၍ စွမ်းအားအဖြစ် စုစည်းပွေ့ပိုက်ကာ ခေတ်အဆက်ဆက် စိန်ခေါ်မှုများကို လျင်မြန်စွာနှင့်သန်မာစွာ ရင်ဆိုင်ကျော်လွှားနိုင်ငံ၏အမည်အတွင်း၌ပင် အထင်အရှားပေါ်လွင်နေသည်။ "မြန်မာ"ဟူသောစကားလုံးသည် ကျွန်ုပ်တို့လူမျိုး၏ သန်မာမှုနှင့် လျင်မြန်မှုကို ရောင်ပြန်ဟပ်စေသည်။ "မြန်" (Swift)သည် လျင်မြန်မှုနှင့် လိုက်လျောညီထွေဖြစ်မှုကိုကိုယ်စားပြုပြီး "မာ"(Resilience)သည် သန်မာမှုနှင့်ခံနိုင်ရည်ရှိမှုကိုကိုယ်စားပြုသည်။ ဤပေါင်းစပ်မှုသည် ကျွန်ုပ်တို့နိုင်ငံ၏ ကြံ့ကြံ့ခံနိုင်သောစိတ်ဓာတ်ကို ပေါ်လွင်စေသည်။

ↄ ဒေသနှစ်ခုနှင့် သမုဒ္ဒရာနှစ်စင်းတို့အား ဆက်စပ်ပေးရာ Land Bridge တစ်ခုအဖြစ် တည်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်နှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယသမုဒ္ဒရာသည် အာရှတိုက်၊ အာဖရိကတိုက်နှင့် ဩစတြေးလျှတိုက်တို့၏ ဆက်သွယ်ရာဗဟိုတွင်တည်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးနှင့် စီးပွားရေးအရ အချက်အချာကျသည်သာမက ပထဝီနိုင်ငံရေး (Geopolitics) နှင့် ပထဝီစီးပွားရေး (Geoeconomics)အရ အလွန်အရေးပါသောနေရာတစ်ခုဖြစ်သည်။

မြန်မာ့သနပ်ခါးသည် အသားအရေခဲ့ခြင်းသည် မြန်မာ့လမ်းစဉ်(Myanmar's Way)များ အတိုင်းပင်ဖြစ်သည်။ မြန်မာ့နည်း မြန်မာ့ဟန် (Myanmar–Owned and Myanmar–Led) ဖြင့်ပင် မြန်မာနိုင်ငံသည်သမိုင်းတစ်လျှောက်ကြုံတွေ့ခဲ့ရသော ကိုလိုနီခေတ်၊ ထိုမှတစ်ဆင့် ပေါ်ပေါက်လာသော ရောင်စုံသူပုန်ခေတ်၊ ခေတ်အဆက်ဆက် ရှင်ကြီးဝမ်းနှင့် ရှင်ငယ်ဝမ်း အသီးသီးတွင် ဖြတ်သန်းရင်း နိုင်ငံရေးပဋ္ဌိပကွဲအဖုံဖုံတို့ကို ကျော်လွှားနိုင်ခဲ့ကာ မုန်တိုင်းအပြီးထွက်ပေါ်လာသည့် ရောင်စုံသက်တံ့ပမာ တစ်ဖန်ထွန်းလင်းတောက်ပခဲ့သည့် သာဓကသမိုင်းများရှိခဲ့ပြီဖြစ်သည်။

သမိုင်းကြောင်းတန်ဖိုး

မြန်မာနိုင်ငံသည်ရှေးကျသောယဉ်ကျေးမှု၊ ထူးခြားသည့်သမိုင်းအမွေအနှစ်နှင့် လှပသောသဘာဝတရားတို့ဖြင့် ကမ္ဘာ့သမိုင်းတွင် အထူးခြားဆုံးနေရာတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ကျွန်ုပ်တို့၏ မြေသည်ပုဂံခေတ်မှစတင်၍ ကိုလိုနီခေတ်၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ယနေ့ခေတ်အထိ ရှည်လျားသောသမိုင်းကြောင်းများ ကိုပိုင်ဆိုင်ထားပြီး ထိုအမွေအနှစ်များသည် မြန်မာလူမျိုးတို့၏ ဂုဏ်ရည်နှင့် စိတ်ဓာတ်ကို ထင်ဟပ်စေသည်။ နှစ်ပေါင်းထောင်ချီရှိသော သမိုင်းကြောင်းတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ မြို့ပြခေတ် ယဉ်ကျေးမှုအဆင့်ဆင့်ထွန်းကားလာမှုကို ပုဂံပြည်ကြီးက သက်သေထူလျက်ရှိသည်။ **"တကောင်းအဘိရာဇာ၊ တို့မြန်မာ သာကီမျိုးဟာမို့"** ဟု စာဖွဲ့ခဲ့ရသော တကောင်းမှ စ၍ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင် စသည့်ခေတ်စဉ်များတစ်လျှောက် မြန်မာတို့သည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြင့်နန်း ဖွဲ့ဖြိုးသောနိုင်ငံတစ်ခုအဖြစ် ဆက်လက်တည်ဆောက်ရန် တာဝန်ရှိသည်။

ပထဝီဗဟိုချက်တန်ဖိုး

မြန်မာနိုင်ငံ၏ ပထဝီအနေအထားအရ အင်ဒိုချိုင်းနားကျွန်းဆွယ်အား ပိုင်းခြားထားပြီး အရှေ့ဘက်တွင် အာဆီယံအပါအဝင် အာရှဒေသတစ်ခုလုံးနှင့် ပစိဖိတ်သမုဒ္ဒရာ၊ အနောက်ဘက်တွင် တောင်အာရှဒေသ အပါအဝင်အိန္ဒိယသမုဒ္ဒရာ စသည့်သမုဒ္ဒရာနှစ်စင်းနှင့်ဒေသတစ်ခုကို ပိုင်းခြားထားသည်။ တစ်နည်းအားဖြင့် ၎င်း**ဒေသနှစ်ခုနှင့် သမုဒ္ဒရာနှစ်စင်းတို့အား ဆက်စပ်ပေးရာ Land Bridge တစ်ခုအဖြစ် တည်ရှိနေ**သည်။ စာမျက်နှာ ၁၂ သို့ ●

ↄ အာရှတိုက်အရှေ့တောင်ပိုင်းရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး၏ အနောက်ပိုင်းတွင် မဟာဗျူဟာကျကျတည်ရှိနေခြင်းနှင့်အတူ နိုင်ငံအတွင်း သဘာဝသယံဇာတများ ပေါကြွယ်ဝမှုများ၊ ကမ်းရိုးတန်းတည်ရှိမှုအနေအထား၊ သဘာဝနှင့်ဇန်တီးဆိပ်ကမ်းများ ရရှိနိုင်မှုအနေအထား၊ မြစ်ချောင်းများ၏တည်ရှိမှုအနေအထား၊ မြေဆီညြီဖာပြည့်ဝမှု၊ အဓိကကုန်သွယ်ရေကြောင်း ဆက်သွယ်ရေးလမ်းကြောင်းများနှင့်နီးကပ်မှု၊ သမုဒ္ဒရာများအတွင်းသို့ အလွယ်တကူဝင်ရောက်နိုင်သည့် ပင်လယ်ပြင်ထွက်ပေါက်ရှိခြင်း စသည့်ရေကြောင်းဆိုင်ရာအနေအထားများသည် မြန်မာပထဝီတန်ဖိုးများဖြစ်သည်။

● စာမျက်နှာ ၁၁ မှအဆက်

မြန်မာ့ပင်လယ်ပြင်နှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယသမုဒ္ဒရာသည် အာရှတိုက်၊ အာဖရိကတိုက်နှင့် ဩစတြေးလျှတိုက်တို့၏ ဆက်သွယ်ရာ ဗဟိုတွင်တည်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးနှင့် စီးပွားရေးအရ အချက်အချာကျသည်သာမက ပထဝီနိုင်ငံရေး(Geopolitics)နှင့် ပထဝီစီးပွားရေး(Geoeconomics)အရ အလွန်အရေးပါသောနေရာတစ်ခုဖြစ်သည်။

➲ ကမ္ဘာ့အလယ်တွင် မိမိတို့၏ကိုယ်ပိုင်သမိုင်းယဉ်ကျေးမှုများဖြင့် နှစ်ပေါင်းထောင်ချီ ခိုင်မာစွာတည်ရှိလာခြင်းနှင့်အတူ အနာဂတ်တွင်လည်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ မြှင့်တင်ရေး၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာများတိုးမြှင့်ရေးနှင့် မြန်မာ့ Identity (မြန်မာ့ဝိသေသ)များ မြှင့်တင်နိုင်ရေးသည် နိုင်ငံသားအားလုံး၏ အဓိကသမိုင်းပေးတာဝန်တစ်ခုပင်ဖြစ်သည်။

တောင်အာရှနှင့် အရှေ့တောင်အာရှ အကြား ဆုံမှတ်တွင်တည်ရှိသော မြန်မာနိုင်ငံသည် ကုန်သွယ်ရေး၊ သံတမန်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးတို့၏ဗဟိုချက်ဖြစ်ခဲ့ပြီး မြန်မာတို့၏ပထဝီနိုင်ငံရေးတန်ဖိုးတစ်ခုလည်းဖြစ်သည်။ ဘုရားစေတီပုထိုးများစွာတည်ရှိသော ရှေးဟောင်းမြို့တော် ပုဂံသည် တစ်ချိန်က အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှကြားသမိုင်းနှင့်ယဉ်ကျေးမှုတံတားအဖြစ်တည်ရှိခဲ့ပြီး ဒေသတစ်ဝန်းမှ ပညာရှင်များနှင့် ကုန်သည်များကို ဆွဲဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ **အာရှတိုက်အရှေ့တောင်ပိုင်းရှိ အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီး၏ အနောက်ပိုင်းတွင် မဟာဗျူဟာကျကျတည်ရှိနေခြင်းနှင့်အတူ နိုင်ငံအတွင်းသဘာဝသယံဇာတများပေါကြွယ်ဝမှုများ၊ ကမ်းရိုးတန်းတည်ရှိမှုအနေအထား၊ သဘာဝနှင့်ဖန်တီး**

ဆိပ်ကမ်းများရရှိနိုင်မှု အနေအထား၊ မြစ်ချောင်းများ၏တည်ရှိမှုအနေအထား၊ မြေဆီဩဇာပြည့်ဝမှု၊ အဓိကကုန်သွယ်ရေကြောင်း ဆက်သွယ်ရေးလမ်းကြောင်းများနှင့် နီးကပ်မှု၊ သမုဒ္ဒရာများအတွင်းသို့ အလွယ်တကူဝင်ရောက်နိုင်သည့် ပင်လယ်ပြင်ထွက်ပေါက်ရှိခြင်း စသည့်ရေကြောင်းဆိုင်ရာ အနေအထားများသည် မြန်မာပထဝီတန်ဖိုးများဖြစ်သည်။ ၎င်းပထဝီဗဟိုချက်တန်ဖိုးများကို မြန်မာနိုင်ငံသားအားလုံးအစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက်ထိရောက်စွာအသုံးချဖန်တီးအကောင်အထည်ဖော်ရန်လိုအပ်မည်ဖြစ်သည်။

စီးပွားရေးတန်ဖိုး

စီးပွားရေးသည်လည်း မြန်မာတို့၏ အဓိကတန်ဖိုးတစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံသည် တစ်ချိန်က ကမ္ဘာ့ဆန်အများဆုံးတင်ပို့သည့် နိုင်ငံတစ်နိုင်ငံ **"အာရှတိုက်၏ ဆန်အိုး"** အဖြစ်လူသိများခဲ့သည်။ ပုဂံခေတ် (အေဒီ ၉၄၉-၁၂၈၇) တွင် ငွေကြေးစနစ်ကို ငွေဒင်္ဂါး၊ ငွေခဲများဖြင့်အသုံးပြုခဲ့ပြီး အိန္ဒိယ၊ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်မှုပြုခဲ့သည်။ အင်းဝ၊ ဟံသာဝတီ၊ ကုန်းဘောင်ခေတ်များ (၁၄-၁၉ ရာစု) တွင် ဆား၊ ကျွန်းသစ်၊ သစ်မာတို့သည် အရေးပါသောကုန်သွယ်မှုပစ္စည်းများဖြစ်ခဲ့ပြီး ဥရောပ (ပေါ်တူဂီ၊ ဒတ်ချ်) အိန္ဒိယ၊ တရုတ်တို့နှင့် ကုန်သွယ်မှုများတိုးတက်ခဲ့သည်။ ကျောက်စိမ်းနှင့် ပတ္တမြားမှသည် ရေနံနှင့် သဘာဝဓာတ်ငွေ့အထိ မြန်မာ့သယံဇာတကြွယ်ဝမှုသည် မြန်မာနိုင်ငံကိုအာရှတွင် ကြွယ်ဝသောနိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။ သို့ဖြစ်ရာ ယနေ့ မြန်မာ့စီးပွားရေးတန်ဖိုးများ ပြန်လည်မြှင့်တင်နိုင်ရေးတွင် GDP တိုးတက်ရေး၊ ထုတ်ကုန်တိုးမြှင့်ရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ MSME လုပ်ငန်းများ၊ စိုက်ပျိုးရေးကဏ္ဍတိုးမြှင့်ရေးနှင့် ခရီးသွားကဏ္ဍတိုးမြှင့်ရေးများအား အရှိန်အဟုန်ဖြင့် အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဘာသာ၊ သာသနာ ယဉ်ကျေးမှုတန်ဖိုး

မြန်မာနိုင်ငံသည် ဘာသာ၊ သာသနာ ယဉ်ကျေးမှုအစဉ်အလာများ နှစ်ပေါင်းထောင်ချီထွန်းကားတည်ရှိခဲ့သော နိုင်ငံဖြစ်သည်။ မြန်မာတို့၏ လူ့ဘောင်လောကနယ်ပယ်တွင် ဘာသာတရားနှင့် ယဉ်ကျေးမှုအစဉ်အလာများကို အစဉ်အဆက်ထိန်းသိမ်းရှင်သန်ရပ်တည်နေထိုင်ခဲ့ကြပေသည်။ မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာ၏ အဆုံးအမများပေါ်တွင်အခြေခံပြီး ကရုဏာ၊ မေတ္တာ၊ စေတနာ၊ သဒ္ဓါတရားတို့ဖြင့် လူမှုအသိုင်းအဝိုင်းကို စည်းလုံးညီညွတ်စေသည်။ ရိုးရာပွဲတော်များ၊ ဘာသာရေးအခမ်းအနားများတွင်ပြည်သူများစုပေါင်းပါဝင်ခြင်းသည် ဤစည်းလုံးမှုကိုထင်ဟပ်စေသည်။ မြန်မာလူမျိုးတို့၏ ရိုးသားမှု၊ သစ္စာရှိမှု၊ ကျေးဇူးသိတတ်မှုတို့သည် ဗုဒ္ဓဘာသာ၏သီလနှင့် ဝါရိတ္တသမာဓိများမှပေါက်ဖွားလာသည်။ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံဖြစ်သကဲ့သို့ ဘာသာမျိုးစုံ လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသောနိုင်ငံလည်းဖြစ်သည်။ ဗုဒ္ဓဘာသာဝင်များသည် မိမိဘာသာကို တန်ဖိုးထားမြတ်နိုးကြသလို သူတစ်ပါးဘာသာကိုလည်း လေးစားတန်ဖိုးထားသူများဖြစ်သည်။ သို့ဖြစ်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် နိုင်ငံရေးအရ လွတ်လပ်ခွင့်နှင့် ဘာသာရေးအရ လွတ်လပ်ခွင့်များကို ထည့်သွင်းပြဋ္ဌာန်းထားရှိခြင်းဖြစ်သည်။

ဟန်လင်းမြို့ဟောင်း၊ ဗိသုနိုးမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသများအား UNESCO ၏ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် ထည့်သွင်းမှတ်တမ်းတင်ခြင်းကလည်း မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို ကမ္ဘာကရိုးရာပွဲတော်သည် UNESCO ၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့ပြီး မြန်မာ့ရိုးရာသနပ်ခါးသည်လည်း မကြာခင် အချိန်ကာလတစ်ခုတွင် UNESCO ၏ အမွေအနှစ်စာရင်းတွင် ပါဝင်လာနိုင်တော့မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံမှ ထေရဝါဒဗုဒ္ဓဘာသာနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် ဆိုသည့်မွန်မြတ်သောရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်သည်။ **ကမ္ဘာ့အလယ်တွင် မိမိတို့၏ကိုယ်ပိုင်သမိုင်းယဉ်ကျေးမှုများဖြင့် နှစ်ပေါင်းထောင်ချီ ခိုင်မာစွာတည်ရှိလာခြင်းနှင့်အတူ အနာဂတ်တွင်လည်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ မြှင့်တင်ရေး၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာများ တိုးမြှင့်ရေးနှင့် မြန်မာ့ Identity (မြန်မာ့ဝိသေသ)များ မြှင့်တင်နိုင်ရေးသည် နိုင်ငံသားအားလုံး၏ အဓိကသမိုင်းပေးတာဝန်တစ်ခုပင်ဖြစ်သည်။** မြန်မာတို့၏ ဘာသာ၊ သာသနာ ယဉ်ကျေးမှုအစဉ်အလာသည် လူမှုအသိုက်အဝန်းစည်းလုံးညီညွတ်မှု၊ အနုပညာဖွံ့ဖြိုးမှု၊ ကိုယ်ကျင့်တရားမြင့်မားမှုနှင့် သမိုင်းအမွေအနှစ်တို့ကို ပေါင်းစပ်ထားသောမြန်မာ့အသက်သွေးကြောပင်ဖြစ်သည်။ ဤတန်ဖိုးများကို ထိန်းသိမ်းခြင်းဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြင့်နန်းဖြင့် နှစ်ပေါင်းထောင်ချီသော ယဉ်ကျေးမှုတို့အခြေတည်လာသည့်သမိုင်းကြောင်းကို ထင်ဟပ်ပြသနေမည်ဖြစ်သည်။

လူမှုရေးတန်ဖိုး

မြန်မာ့ရိုးရာ "ထမင်းဝိုင်း" သည်လည်း အစားအစာထက်ပိုသည့် မိသားစု၏ စည်းလုံးမှု၊ ရိုးရာဓလေ့နှင့် လူမှုရေးတန်ဖိုးများဖော်ဆောင်သော ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်။ မြန်မာ့ထမင်းဝိုင်းတွင် မိသားစုဝင်အားလုံးစုဝေးပြီး တစ်ဝိုင်းတည်းထိုင်ကာ ထမင်း၊ ဟင်းများကို အတူတကွမျှဝေစားသောက်ခြင်း၊ လူကြီး၊ လူငယ်၊ ကလေးအားလုံး အဆင့်အတန်းမခွဲခြားဘဲ တန်းတူညီမျှပါဝင်ခြင်းတို့ကို တွေ့မြင်နိုင်သည်။ ထမင်းဝိုင်းသည် စည်းလုံးမှု၏ သင်္ကေတဖြစ်သည်။ မိသားစုအတွင်း ချစ်ခြင်းမေတ္တာ၊ ပြောဆိုဆက်ဆံမှုများကို မြှင့်တင်ပေးသည်။ ဧည့်သည်များကို ထမင်းဝိုင်းသို့ ဖိတ်ခေါ်ခြင်းဖြင့် ရိုးရာဓလေ့ ဧည့်ဝတ်ကျေပွန်မှုကိုပြသသည်။ မိသားစုအခြေပြု ကျေးလက်စည်းလုံးမှု၊ ရိုးရာဓလေ့နှင့် ဘာသာတရားအပေါ် လေးစားမှု၊ တန်းတူညီမျှမှု၊ ကရုဏာနှင့် ရိုးသားမှု၊ မေတ္တာ၊ ဒါန၊ သဘာဝနှင့် ဟန်ချက်ညီစွာနေထိုင်မှုတို့သည် မြန်မာ့လူမှုရေးတန်ဖိုးများပင်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အလှူအတန်းနှင့် ပေးကမ်းစွန့်ကြဲမှုအထက်သန်ဆုံးနိုင်ငံများတွင်ကမ္ဘာထိပ်ဆုံးအဆင့်၌ ရပ်တည်လျက်ရှိခြင်းကို ကြည့်ခြင်းအားဖြင့် မြန်မာလူမျိုးတို့၏ စိတ်နေစိတ်ထား လူမှုဆက်ဆံရေးဓလေ့တန်ဖိုးများကို တွေ့ရှိနိုင်မည်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ပဋ္ဌိပက္ခများပြည့်နှက်နေသည့်နိုင်ငံဟု မည်သို့ပင် သမုတ်စေကာမူ မြန်မာတို့၏ "အလှူရေစက်လက်နှင့်မကွာ" ဓလေ့ရိုးရာ တန်ဖိုးများသည် ကမ္ဘာပေါ်တွင် သဒ္ဓါတရားပြည့်ဝသော လူမျိုးများအဖြစ် နွံမနစ်သော ပတ္တမြားကဲ့သို့ပင် တည်ရှိနေမည်ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

စံယူကြိုးစား အာဇာနည်စိတ်ထား

လင်းအရုဏ်ဦး(ပဲခူး)

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ စဝ်စံထွန်း၊ မန်းဘခိုင်၊ ဦးရာတော်၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့သည် နယ်ချဲ့လက်ပါးစေ မသမာသူလူတစ်စု၏ လက်ချက်ဖြင့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီ၃၇ မိနစ်တွင်ကျဆုံးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများသည် ရည်မှန်းထားသော လွတ်လပ်ရေးရရှိရေးအတွက် အသက်နှင့်ခန္ဓာကို ရင်းနှီးပေးဆပ်ခဲ့သည်ဖြစ်ရာ ဇူလိုင်လ ၁၉ ရက်ကို "အာဇာနည်နေ့" အဖြစ်သတ်မှတ်ကာ နှစ်စဉ်ထိုနေ့ရောက်တိုင်း အာဇာနည်ကြီးများအား အလေးပြုလျက်ရှိသည်။

အာဇာနည်နေ့တွင်ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများအားရည်စူး၍ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အာဇာနည်ဗိမာန်၊ အာဇာနည်ကျောက်တိုင်၊ ဗိုလ်ချုပ်ကြေးရုပ် သို့မဟုတ် ရုပ်တုရှေ့တွင် လူအများစုဝေးကာ လွမ်းသူ့ပန်းခွေချ အလေးပြုခြင်း၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥဩဆွဲခြင်း၊ သွားလာသူများခေတ္တရပ်တန့်ဂါရဝပြုခြင်းများ ပြုလုပ်ကြသည်။ နိုင်ငံတော်အလံကို တစ်ဝက်လွှင့်ထူကာ အလေးအမြတ်ပြုကြသည်။ ထိုအစဉ်အလာသည် ကောင်းမြတ်သောအစဉ်အလာတစ်ခုဖြစ်သည်။ ပို၍လေးနက်စေသည်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဖြစ်စေလိုသောဆန္ဒသဘောထားများပါရှိသည့် မိန့်ခွန်းများနှင့်အညီ ကျင့်ကြံအားထုတ်ကြခြင်းပင်ဖြစ်သည်။

ဗိုလ်ချုပ်သည် နိုင်ငံလွတ်လပ်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်စဉ်နေရာဌာနအသီးသီး၌ အလျဉ်းသင့်သလိုမိန့်ခွန်းပြောကြားသည်။ စည်းလုံးညီညွတ်ရေး၊ တိုင်းပြည်ကြီးပွားရေး၊ စုပေါင်းအကောင်အထည်ဖော်ရေး၊ လုံ့လဝီရိယရှိရေး၊ စည်းကမ်းတကျရှိရေး၊ ဒီမိုကရေစီရေး၊ အမြော်အမြင်ကြီးမားရေး၊ အလုပ်လုပ်ကြရေး၊ ခေါင်းဆောင်မှုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်ထွန်းကားရေး စသည်ဖြင့် များလှစွာသောမိန့်ခွန်းများပြောကြားခဲ့သည်။ ၁၉၄၃ ခုနှစ် ဒီဇင်ဘာလ ၈ ရက်တွင်ကျင်းပသော အရှေ့အာရှတိုက်စစ် တစ်နှစ်ပြည့်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်တွင် "မိမိတို့ယုံကြည်သော ဝါဒအတွက် အသက်ကိုပင်စွန့်သွားကြသော အာဇာနည်များအား မိမိသည်ချီးကျူးကြောင်း၊ ထိုစိတ်မျိုးကို ကျန်ခဲ့သူများက ထပ်တလဲလဲမွေးမြူအပ်ကြောင်း၊ အမျိုးဘာသာနှင့် နိုင်ငံအတွက် အသက်စွန့်ရန်ကြောက်နေသော နိုင်ငံတိုင်းမှာ မကြီးပွားနိုင်ကြောင်း" ထည့်သွင်းမိန့်ကြားခဲ့သည်။ ဤကား ဗိုလ်ချုပ်၏အာဇာနည်စိတ်ဓာတ်ကိုအလေးထားသည့် ပြယုဂ်တစ်ခုပင်ဖြစ်သည်။

အာဇာနည်ဟူသောဝေါဟာရကို မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်မှာ "အကြောင်း ဟုတ်၊ မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ"ဟူ၍ဖြစ်သည်။

အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "မိုက်ရူးရဲမဆန်ခြင်း၊ အကြောင်းကောင်းဟုတ်၊ မဟုတ် သိမြင်တတ်သော ပညာဉာဏ်အသိရှိခြင်း၊ ရဲဝံ့ပြတ်သားစွာ စွန့်လွှတ်စွန့်စားအားထုတ်ဆောင်ရွက်တတ်ခြင်း"တို့ကို တွေ့မြင်နိုင်သည်။

အထူးသဖြင့်အာဇာနည်ပုဂ္ဂိုလ်များသည်အရေးကြုံလျှင်သက်လုံကောင်းတတ်ကြသည်။ သာဓကအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွအာဇာနည်ခေါင်းဆောင်ကြီးများက အတိအလင်း စံနမူနာပြသပြီးဖြစ်သည်။ မြန်မာ့သမိုင်းတွင် မှတ်တမ်းမတင်၊ စာမဝင်သော်လည်း အာဇာနည်စိတ်ဓာတ်ဖြင့် တိုင်းပြည်နှင့်လူမျိုးအတွက် သက်စွန့်ကြိုးပမ်းခဲ့သူများစွာရှိကြောင်း တွေ့ရသည်။

အဓိမြန်မာနိုင်ငံတော်ကို နယ်ချဲ့ဗြိတိသျှတို့က ကျူးကျော်စစ်သုံးကြိမ်ဖြင့် မတရားသိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ မြန်မာ့သွေးချင်းတိုင်းရင်းသားအပေါင်းတို့သည် နယ်ချဲ့ကျူးကျော်လာမှုကို အင်္ဂလိပ်၊ မြန်မာစစ်ပွဲများ၌လည်းကောင်း၊ နယ်ချဲ့တို့အုပ်ချုပ်စဉ်ကာလ၌လည်းကောင်း၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကာလတစ်လျှောက်လုံး၌လည်းကောင်း စွန့်လွှတ်စွန့်စားစွာ ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်ခဲ့ကြသည်။ ကိုလိုနီခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နောင်း ကာလသုံးပါးလုံးတွင် တော်လှန်ရေးသမိုင်းဝင်အာဇာနည်တို့၏ သူရဲကောင်းပီသသည့် စိတ်ဓာတ်ကို အထင်အရှားတွေ့မြင်နိုင်သည်။

နယ်ချဲ့ဗြိတိသျှတို့အား တော်လှန်ခဲ့သော မျိုးချစ်သူရဲကောင်းများသည်မြန်မာပြည်အရပ်ရပ်၌ သူ့နေရာနှင့်သူ ရှိနေကြသည်။ အကြီးမားဆုံးတိုက်ပွဲများရှိသလိုတိုက်ပွဲငယ်များလည်းရှိသည်။ သွေးကပြောသောတော်လှန်ရေးဖြစ်၍ အရေးကြီးသော်သွေးနီးပြီး နယ်ချဲ့ကိုတွန်းလှန်ခဲ့ကြသည်။ သာဓကအားဖြင့် ဓနုဖြူမှ ဗိုလ်မြတ်ထွန်း၊ မလွန်မြို့ဝန် ဦးဘို၊ မင်းဘူးနယ်မှ ဗိုလ်ဥတ္တမ၊ ဗိုလ်ရွှဲ ဗိုလ်စောဦး၊ ဗိုလ်စောပု၊ ဗိုလ်မြိုင်ကြီး၊ မြင်းခြံနယ်မှ ဗိုလ်ရာညွှန့်၊ ဗိုလ်ချို၊ ဗိုလ်လှကျော်၊ ဗိုလ်ဘိုးဆင်၊ ရမည်းသင်းမှ ဗိုလ်အောင်ဘော်၊ ဗိုလ်သီဟရာဇာ၊ နတ်မောက်မှ ဗိုလ်မင်းရောင်၊ ဝန်းသိုမှ ဦးအောင်မြတ်၊ မိုးကောင်းမှ ဦးရွှေသား၊ ဗန်းမော်မှ ဗိုလ်ဘိုးစော၊ ရှမ်းပြည်တောင်ပိုင်းမှ မြင်းစိုင်းမင်းသား၊ ဗိုလ်ရိုင်း၊ ရွှေဘိုချင်းတွင်းနယ်မှ ဗိုလ်အဂ္ဂ၊ ဗိုလ်သုံ၊ မြောက်ပိုင်းရှမ်းပြည်မှ စောရန်နိုင်၊ စောရန်ပိုင်၊ စောခမ်းလှိုင်၊ စစ်ကိုင်းနယ်မှ ဗိုလ်မင်းမို၊ ဗိုလ်ညီဦး၊ ချင်းတောင်တန်းဒေသမှ ဗိုလ်ဆွန်ပက်၊ ဗိုလ်တွန်းဇံ၊ တောင်ပိုင်းရှမ်းပြည်မှ လင်းပင်မင်းသား၊ မိုးနဲစော်ဘွား၊ ကျိုင်းတုံစော်ဘွား၊ ကချင်ပြည်မှ ဖုန်ကန်ဒုံးဝါး၊ ဆမားဒုံးဝါး၊ ကယားမှ စောလှဘော်တို့မှာ ထင်ရှားသည်။

မြန်မာအမျိုးသားများနည်းတူ မျိုးချစ်မြန်မာအမျိုးသမီးများသည်လည်း အမိနိုင်ငံတော်ကို ချစ်ကြည်မြတ်နိုးစိတ်ကြီးမားစွာ မိမိတို့၏အသက်ကိုပင်မင့်ကွက်ဘဲ လွတ်လပ်ရေးအတွက် စွန့်စွန့်စားစားတိုက်ပွဲဝင်ခဲ့ကြသည်။ ၁၈၅၅ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်တွင် အထက်မြန်မာနိုင်ငံသို့ထိုးဖောက်ရန် ချီတက်လာသော နယ်ချဲ့တပ်မဟာနှစ်ခုကို ပြည်မြို့အရှေ့ဘက် ၁၆ မိုင် အကွာရှိ ဝက်ထီးကန်အရပ်၌ မြန်မာနှင့်ရှမ်းတပ်ဖွဲ့များက ပြင်းပြင်းထန်ထန်ခုခံတိုက်ခိုက်ခဲ့ကြရာ ထိုတိုက်ပွဲတွင်ရှမ်းအမျိုးသမီးသုံးဦးကလည်း မိမိတို့၏ အသက်ကိုပင်ပေးဆပ်၍ အမိနိုင်ငံလွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ကြသည်။

၁၈၈၉ ခုနှစ်တွင် တောင်ပေါ်ဒေသများကို သိမ်းပိုက်စိုးမိုးရန် ချီတက်လာသော နယ်ချဲ့ဗြိတိသျှတပ်များအား ချင်းမျိုးချစ်တော်လှန်ရေးတပ်ဖွဲ့က ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ခဲ့ကြသည်။ ယင်းသို့နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများအနက် ထင်ရှားသည့်တိုက်ပွဲမှာ ချင်းပြည်နယ် တာတန်ရွာရှယ်လုံးခံတပ်၌ ၁၈၈၉ ခုနှစ် မေလ ၄ ရက်ကဖြစ်ပွားခဲ့သော နယ်ချဲ့ဆန့်ကျင်ရေး ရှယ်လုံးခံတပ်တိုက်ပွဲဖြစ်သည်။ ထိုတိုက်ပွဲတွင် ချင်းအမျိုးသမီးများကိုယ်တိုင် လက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့ကြရာ တိုက်ပွဲအပြီး ချင်းမျိုးချစ်တော်လှန်ရေးသမား ၂၇ ဦး ကျဆုံးခဲ့သည့်အနက် ချင်းအမျိုးသမီးတော်လှန်ရေးမယ်ရှစ်ဦးပါဝင်သွားခဲ့သည်။

ထိုသို့နယ်ချဲ့အားလက်နက်စွဲကိုင်တော်လှန်တိုက်ခိုက်ခဲ့ကြသော မြန်မာအမျိုးသမီးများစွာပေါ်ပေါက်ခဲ့သလို နယ်ချဲ့တိုက်ပွဲဝင် တော်လှန်ရေးသမားများအတွက် အန္တရာယ်မျိုးစုံကိုရင်ဆိုင်ရင်း လက်နက်၊ ရိက္ခာဆက်သွယ်ပေးပို့ခြင်း၊ မြေပြင်ဆက်သားအဖြစ် စွန့်စွန့်စားစားဆောင်ရွက်ပေးခြင်း၊ နယ်ချဲ့သတင်းကို လျှို့ဝှက်စွာထောက်လှမ်းသတင်းပေးခြင်း စသည့် မြန်မာအမျိုးသမီးသူရဲကောင်းတို့ မြောက်မြားစွာ ရှိခဲ့သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၌ မြန်မာအမျိုးသမီးများ၏ ဆောင်ရွက်ချက်များမှာ ဂုဏ်ယူလေးစားဖွယ်အထင်အရှားရှိကြောင်း လေ့လာသိရှိနိုင်ကြသည်။

မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝ၌ ဖိနှိပ်ချုပ်ချယ်ခြင်းခံရနေချိန် လွတ်လပ်ရေးကြိုးပမ်းမှုကာလ၌ သန္ဓေတည်ပေါက်ဖွားခဲ့သောတပ်မတော်သည်ပြည်သူလူထုနှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများကိုဆင်နွှဲရင်း ကောင်းမြတ်သော အစဉ်အလာများကို လက်ဆင့်ကမ်းထိန်းလာခဲ့သည်မှာ ယနေ့ကာလအထိဖြစ်သည်။ နောင်တွင်လည်း နိုင်ငံတော်အကျိုး၊ ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်လျက် အသက်သွေးချွေးစည်မနေးဘဲ ပေးဆပ်နေမည်သာဖြစ်သည်။ မြန်မာ့တပ်မတော်သည် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် ရဲဘော်သုံးကျိပ်မှစတင်ခဲ့သည်ဖြစ်ရာ ဗိုလ်ချုပ်သည် တပ်မတော်ကိုစတင်တည်ထောင်သူ တစ်နည်းဆိုသော် တပ်မတော်၏ဖခင်ဖြစ်သည်။

တပ်မတော်၏မွန်မြတ်သောအစဉ်အလာကောင်း(၁၂)ရပ်နှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အရေးကြုံလာသည့်အခါတိုင်း နိုင်ငံနှင့်ပြည်သူကို မျက်နှာမူလျက်အသက်သွေးချွေးပေးဆပ်ကာ စွန့်လွှတ်စွန့်စားစွာ ကြိုးပမ်းအားထုတ်ကာကွယ်ထမ်းရွက်ခဲ့ကြောင်း မြန်မာ့သမိုင်းစဉ်က အတိအလင်းပြဆိုသည်။

စစ်သည်တော်တို့သည် ပေးအပ်သည့်အမိန့်နှင့် တာဝန်ကို ကျေပွန်စွာထမ်းရွက်ရင်း သူရဲကောင်းစိတ်ဓာတ်ကိုအခြေတည်လျက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အာဇာနည်စိတ်ဓာတ်ကို စံနမူနာယူခဲ့သော တိုက်ပွဲကြီးငယ်ပေါင်းများစွာရှိသည်။ ထိုသို့စွန့်လွှတ်စွန့်စားစွာ တိုက်ပွဲဆင်နွှဲခဲ့ရာတွင် ကျဆုံး၊ ဒဏ်ရာရ စစ်သည်တော်ပေါင်း အမြောက်အမြားရှိသည်။ စစ်သည်တော်အချို့သည် ထူးချွန်ပြောင်မြောက်သော တိုက်ပွဲဝင်စွမ်းရည်များကြောင့် စွမ်းရည်ဘွဲ့ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူးများကို ဂုဏ်ယူမြတ်နိုးဖွယ်ရာ ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံခဲ့ရသည်။

အချုပ်အားဖြင့်ဆိုရသော် (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အာဇာနည်စိတ်ဓာတ်ကို စံနမူနာထားအတုယူလျက် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် "တစ်ချပ်အုတ်ခဲ တစ်ပွင့်သဲ"အဖြစ် ကျရာအခန်းကဏ္ဍမှ ပါဝင်ထမ်းရွက်ကြမည်ဆိုလျှင် နိုင်ငံတော် အခွန့်ရှည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသစ်များလောင်းပေးနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ငွေကြေးအရင်းအနှီး လိုအပ်နေသော ဆီစက်ပိုင်ရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှု အဖွဲ့သည် ပြည်တွင်းရှိဆီစက်များသို့ အဆင့်မီစက်ပစ္စည်းများတိုးချဲ့တပ်ဆင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီဆီစက်အသစ်များ ထပ်မံတည်ဆောက်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များ အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထူထောင်ထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေရန်ပုံငွေမှ အတိုးနှုန်းသက်သာသော ချေးငွေများကိုထုတ်ချေးပေးလျက်ရှိပါသည်။

၂။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေကို အောက်ပါအချက်များနှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည် -

(က) လက်ရှိလုပ်ငန်းလည်ပတ်လုပ်ကိုင်နေသော ဆီစက်ဖြစ်ရမည်၊

(ခ) လုပ်ငန်းအမည်ပေါက် လိုင်စင် (သက်တမ်းရှိ) ရှိရမည်၊

(ဂ) ချေးငွေအတွက် အာမခံအဖြစ် အမည်ပေါက်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များကို ပေးအပ်နိုင်ရမည်၊

(ဃ) နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များတွင် လက်ရှိချေးငွေရယူထားသူများအနေဖြင့် ဆီစက်ဖွံ့ဖြိုးရေးချေးငွေရယူလိုပါက **သီးခြားအာမခံ**တင်သွင်းနိုင်မှသာ လျှောက်ထားနိုင်ပါသည်၊

(င) FDA လက်မှတ်ရရှိပြီးသူ၊ အသေးစားစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်ရရှိပြီးသူနှင့် သက်ဆိုင်ရာ ဒေသရှိ ဆီစက်ပိုင်ရှင်များအသင်း၊ ဆီကုန်သည်နှင့်ဆီစက်လုပ်ငန်းရှင်များ အသင်းဝင်လုပ်ငန်းရှင်များ အား ဦးစားပေးစဉ်းစားမည်။

၃။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေအတွက် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည် -

(က) ချေးငွေပမာဏ

(၁) လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ (Working Capital) အတွက် ချေးငွေ - အနည်းဆုံး ကျပ် သိန်း ၁၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀၀ အထိ

(၂) မတည်ရင်းနှီးငွေ (Fixed Capital) အတွက် ချေးငွေ - အနည်းဆုံး ကျပ် သိန်း ၂၀၀ မှ အများဆုံး ကျပ် သိန်း ၅၀၀၀ အထိ

(၃) ကျပ်သိန်း ၅၀၀၀ အထက် ချေးငွေရယူလိုသော ဆီစက်လုပ်ငန်းရှင်များအနေဖြင့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့၊ အတွင်းရေးမှူးရုံး၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)သို့တိုက်ရိုက်ပေးပို့ လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) ချေးငွေသက်တမ်းနှင့် ပြန်ဆပ်ကာလ

(၁)လုပ်ငန်းသုံးလှည့်ပတ်ရင်းနှီးငွေ - ချေးငွေသက်တမ်း(၁)နှစ်

(၂)မတည်ရင်းနှီးငွေ - ချေးငွေသက်တမ်း(၃)နှစ် ဆိုင်းငံ့ကာလ(၁)နှစ်၊ ပြန်ဆပ်ကာလ (၂)နှစ်၊ (၆)လတစ်ကြိမ်(၄)ရစ်ဆပ်ရန်

(ဂ) ချေးငွေအတိုးနှုန်း - ၁ နှစ်လျှင် (၅ %)

၄။ ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ လျှောက်ထားရယူလိုသော ဆီစက်လုပ်ငန်းရှင်များသည် အောက်ပါ ရုံး၊ ဌာန၊ ဘဏ်ခွဲများတွင် ချေးငွေအဆိုပြုလွှာများ ရယူ၍လျှောက်ထားနိုင်ပါသည် -

(က) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ဆီစက်ပိုင်ရှင်များ အသင်းရုံးများ အားလုံး၊

(ခ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင် များအသင်းရုံးများအားလုံး၊

(ဂ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေး ရေးဦးစီးဌာနရုံးခွဲများအားလုံး၊

(ဃ) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်နှင့် မြို့နယ် မြန်မာ့စီးပွား ရေးဘဏ်ခွဲများအားလုံး၊

(င) ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်နှင့် မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲများအားလုံး။

၅။ ဆီစက်ချေးငွေ အဆိုပြုလွှာပုံစံများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန website www. mopf. gov.mm ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန website https://msmewebportal. gov.mm/ ၊ မြန်မာဆီစက်ပိုင်ရှင်များအသင်း website http://www.meoma.org ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်း website http://meoda.myanmarwebtraining.com ၊ MEB website www.meb. gov.mm ၊ MADB website www.madb.gov.mm တို့တွင် download ရယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေ
စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့

မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီအစည်းအဝေး(၂/ ၂၀၂၅) ကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ အစည်းအဝေး(၂/၂၀၂၅)ကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရှေးဟောင်းသုတေသန နှင့်အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန် ဌာနခွဲ၌ Hybrid System ဖြင့် ကျင်းပ သည်။

ဦးစွာ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုး များ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ် ရေး ကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇော်က မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုး များ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေး ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ နှင့်ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား ယဉ်ကျေးမှုဗဟိုကော်မတီသို့အချိန်နှင့် တစ်ပြေးညီတင်ပြ၍ အတည်ပြုချက်ရယူ ဆောင်ရွက်ရန်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝတ်စုံမှန်များ ပေါ်ထွန်းလာအောင် ကူညီပေးကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးမှ တာဝန်ရှိသူ များနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်း မြှင့်တင် ရေး လုပ်ငန်း ကော်မတီများ၏ ကူညီမှုဖြင့် ပထမအကြိမ် ဝတ်စုံ ၁၀ မျိုးကို မြန်မာ နိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ သို့အတည်ပြုရန် ပေးပို့တင်ပြနိုင်ပြီးဖြစ် ကြောင်း ကျန်ရှိနေသေးသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားလူမျိုး များ၏ ဝတ်စုံမှန်များ မှန်ကန်မြန်ဆန်စွာ ရရှိရေးအတွက် ကြိုးပမ်းပေးကြစေလို ကြောင်း၊ ခေတ်အလိုက်ပြောင်းလဲကာ ရှိသင့်ရှိထိုက်သည့် ရိုးရာဝတ်စုံများကို သတ်မှတ်၍ ပေးပို့ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာ ကေသီထွေးက အမျိုးသား ဝတ် စုံ မှ နိ သတ် မှ တ် ရေးကော် မ တီ ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် လိုအပ် ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသည့် တိုင်းဒေသကြီး နှင့် ပြည်နယ်တို့မှ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ စာပေနှင့် ယဉ်ကျေးမှုတိုးတက် ပြန့်ပွားရေးအသင်းများမှ တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာနမှဌာနခွဲတာဝန်ခံများ၊ အစည်း အဝေးတက်ရောက်သူများက ဆောင်ရွက် ပြီးစီးမှု အခြေအနေများနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများအား ပြန်လည် ဆွေးနွေးကြသည်။ ထို့နောက် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသား ဝတ်စုံမှန် သတ်မှတ်ရေးကော်မတီ အတွင်း ရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ်(ရန်ကုန်)၊ ပါမောက္ခချုပ်က အစည်းအဝေး ဆုံးဖြတ်ချက်များအား အတည်ပြုရန်တင်ပြရာ တက်ရောက်လာကြ သူများက တင်ပြချက်များကို အတည်ပြု ကြပြီး မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုး များ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြား ခဲ့ကြောင်း သိရသည်။ **မြဝတီ**

ရာသီဥတုပြောင်းလဲမှုနှင့် စားရေရိုက္ခာ ဖူလုံရေးဆိုင်ရာ ဦးဆောင်ကော်မတီ အစည်းအဝေး အိမ်ရှင်အဖြစ် လက်ခံကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် (၁၄) ကြိမ်မြောက် ရာသီဥတုပြောင်းလဲမှု နှင့် စားရေရိုက္ခာဖူလုံရေးဆိုင်ရာ ဦးဆောင် ကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်း တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေး သဘာပတိအဖြစ် မြန်မာ နိုင်ငံ၏ SOM-AMAF Leader တာဝန်ယူထား သည့်စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာသန္တာကြည်က ဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့အတူ အာဆီယံလယ်ယာစိုက်ပျိုးရေး နှင့်သစ်တောကဏ္ဍ၏ဝန်ကြီးများ ဦးဆောင်မှု အောက်ရှိ အာဆီယံကဏ္ဍအလိုက် လုပ်ငန်း အဖွဲ့များမှသဘာပတိများ၊အာဆီယံလူမှုရေး နှင့် ယဉ်ကျေးမှုအသိုက်အဝန်းအောက်ရှိ သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များမှ သဘာပတိ များ၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့ အစည်းများဖြစ်သည့် GIZ ၊ FAO ၊ SEARCA၊ RECOFTC နှင့် NTFP-EP တို့မှ ကိုယ်စား လှယ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊အာဆီယံအတွင်းရေးမှူး ချုပ်ရုံးမှ တာဝန်ရှိသူများလည်း ပါဝင် တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက်ရောက်လာ ကြသူများက အာဆီယံစိုက်ပျိုးရေး၊ သုတေသနဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ၊ အာဆီယံသီးနှံကဏ္ဍဆိုင်ရာ၊ အာဆီယံ သစ်တောကဏ္ဍဆိုင်ရာ၊အာဆီယံသစ်တော နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ အာဆီယံ

ငါးလုပ်ငန်းဆိုင်ရာ၊ အာဆီယံတိရစ္ဆာန် မွေးမြူရေးဆိုင်ရာ၊ အာဆီယံဒေသတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ၊ အာဆီယံ သိပ္ပံနည်းပညာနှင့်ဆန်းသစ်တီထွင်မှုဆိုင်ရာ၊ အာဆီယံကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ၊ အာဆီယံစွမ်းအင်ကဏ္ဍဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးများမှ ထွက်ပေါ်လာသည့်ရလဒ်များနှင့် ကဏ္ဍ အလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို တင်ပြဆွေးနွေးကြသည်။

ထို့အတူ အာဆီယံဒေသတွင်း ရာသီဥတု ပြောင်းလဲမှုအား ကြံ့ကြံ့ခံနိုင်မှုရှိစေရေး နှင့် စားရေရိုက္ခာဖူလုံမှုရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်း များမှ အာဆီယံနိုင်ငံများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့်စီမံကိန်းများကို ရှင်းလင်း ဆွေးနွေးကြသည့်အပြင်အာဆီယံဒေသတွင်း နိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုနှင့်စားရေ ရိုက္ခာဖူလုံရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း သတ်မှတ်ခဲ့ကြ ကြောင်း သိရသည်။

မြဝတီ

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုသည် နိုင်ငံတော်ဖွံ့ဖြိုးရေးကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အဟန့်အတားတစ်ခုဖြစ်ပေါ်စေသည့် အတွက် ကောင်းမွန်သည့်အစိုးရတစ်ရပ်၊ သန့်ရှင်းသည့်အစိုးရတစ်ရပ် ဖော်ဆောင်ရာ၌ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိကင်းရှင်းအောင် ကျင့်ကြံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူတို့အတွက်စေတနာထားပြီး ရိုးသား၊ ကြိုးစား၊ သစ္စာရှိသည့် ဝန်ထမ်းကောင်းများအဖြစ် အဂတိတရားကင်းရှင်းစွာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှပါဝင်ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှုကြောင့် နိုင်ငံ၏အရင်းအမြစ်များ၊ စီမံခန့်ခွဲမှုများ၊ လွဲမှားမှုများဖြစ်ပေါ်ကာ အခြေခံပြည်သူများအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်မှစ၍ ကဏ္ဍအသီးသီးမှပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း ဦးဆောင်သည့်အဖွဲ့သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ဦးဆောင်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)နှင့်တွေ့ဆုံကာ အဖွဲ့၏လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

ငလျင်ကြောင့်ပျက်စီးခဲ့သည့်နေအိမ်များ ထောက်ပံ့ရန်အတွက် အမိုးသွပ်ပြားများထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ငလျင်ကြောင့်ပျက်စီးခဲ့သည့်နေအိမ်များ ထောက်ပံ့ရန်အတွက် အမိုးသွပ်ပြားများ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေအိမ်များကို ပြန်လည်ပြုပြင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ J Wood၊ အမိုးသွပ် (၃၀ ဂိတ်)၊ သစ်မာနှင့် Rebar တို့ကို အိမ်အမျိုးအစားများအလိုက် ထောက်ပံ့ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်ပမာဏအတိုင်း ဒေသအလိုက် ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားကြရန် တာဝန်ရှိကြောင်း၊ ပြည်သူများသို့ ထောက်ပံ့ပေးရန်အတွက် အမိုးပြားအချပ်ရေ ၁ ဒသမ ၈၃ သန်းခန့် လိုအပ်မည်ဖြစ်သည့်အတွက် ၎င်းပမာဏရရှိအောင်ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် လက်ရှိကုန်ချောလက်ကျန်များအခြေအနေ၊ ထပ်မံထုတ်လုပ်မည့် အစီအမံ၊ ကုန်ကြမ်းလိုအပ်ချက်နှင့် အခြားလိုအပ်ချက်များရှိပါကလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ပြောကြားလိုကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် အများပြည်သူများလိုအပ်သောအမိုးသွပ်ပြားများ အချိန်မီရရှိရေးအတွက် အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမိုးသွပ်ပြားလိုအပ်ချက်များနှင့် ထုတ်လုပ်နိုင်မှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းတာဝန်ရှိသူများက အမိုးသွပ်ပြားများ လက်ရှိထုတ်လုပ်နေမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အမိုးသွပ်ပြားများ ထုတ်လုပ်သည့်လုပ်ငန်းရှင်များက စက်ရုံအလိုက်ထုတ်လုပ်ပေးနိုင်မှုလိုအပ်ချက်များ၊ အမိုးသွပ်ပြားများအား ငလျင်ကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့သည့် ပြည်သူများအား ထောက်ပံ့ပေးအပ်မည်ဖြစ်၍ လိုအပ်သော ကုန်ကြမ်းများပေးအပ်ပါက လုံလောက်အောင် ထုတ်လုပ်ပေးမည့် အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိဖူဆယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း ဖူဆယ်အားကစားကွင်းများကို ကိုယ်ပိုင်တည်ဆောက်ထားပြီး လူငယ်များမှအားတက်သရော စိတ်ပါဝင်စားစွာကစားနေကြသည့်အတွက် ဖူဆယ်အားကစား အဆင့်အတန်းမြင့်မားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှ ထူးချွန်ထက်မြက်ပြီး အရည်အသွေးပြည့်မီသည့် အားကစားသမားများကိုရွေးချယ်၍ နေပြည်တော်ကိုယ်စားပြု အသင်းအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းမှာကြားကာ ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလားမြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ပထမဆုံးပွဲစဉ်အဖြစ် ပုဗ္ဗသီရိမြို့နယ်အသင်းနှင့် ဇေယျာသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းသိရသည်။

အောင်ကို(ပုဗ္ဗသီရိ)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးက အလုပ်အကိုင်အခွင့်အလမ်းပေါင်း တစ်သောင်းဝန်းကျင်ခန့် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၃၅ ခုကိုခွင့်ပြု

နေပြည်တော် ဇူလိုင် ၁၇

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၄/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅) အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၉ ခုကိုလည်းကောင်း၊ စက်မှု၊ ဟိုတယ်ခရီး၊ ဝန်ဆောင်မှု၊ လျှပ်စစ်၊ စိုက်ပျိုး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ အိမ်ရာအဆောက်အအုံ၊ သတ္တု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍများမှမြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၂၆ ခုတို့ကိုလည်းကောင်း ခွင့်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၈၆၅ သန်းနှင့် ငွေကျပ် ၆၇၂၈၃၅ ဒသမ ၂၆၅ သန်းဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၉၂၂၀ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့ အစည်းအဝေးက ခွင့်ပြုပေးသည့် လုပ်ငန်းများတွင် နိုင်ငံအတွက် အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်းများအပြင် ဝန်ဆောင်မှုလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်သည်။

၂၀၂၅ ခုနှစ် ဇွန်လကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခု အနက် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခု အနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၅၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီးရင်းနှီးမြှုပ်နှံထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်များအား စိစစ်ခွင့်ပြုခြင်းနှင့် လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

ရေဒီယိုအီလက်ထရွန်နစ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်ဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၇

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ် Mr. Konstantin Kanarev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနတို့အကြား ချုပ်ဆိုမည့် ရေဒီယိုအီလက်ထရွန်နစ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်ဆိုင်ရာ နားလည်မှုစာချွန်လွှာ (မူကြမ်း) အား လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ရေဒီယိုအီလက်ထရွန်နစ်လုပ်ငန်းနှင့် ဒစ်ဂျစ်တယ်နည်းပညာနယ်ပယ်ဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့်အတူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

ဘရာဇီးနိုင်ငံမှ မြန်မာနိုင်ငံသို့ လျှုဒါန်းသည့် ဘီစီဂျီကာကွယ်ဆေး ငါးသိန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၇

ဘရာဇီးနိုင်ငံ ဘရာဇီး နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Brazilian Cooperation Agency–ABC)မှ မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပံ့ပိုးမှုတစ်ရပ်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လျှုဒါန်းသည့် အမေရိကန်ဒေါ်လာ ကိုးသောင်းခန့် တန်ဖိုးရှိ ဘီစီဂျီကာကွယ်ဆေး ငါးသိန်း doses သည် ယမန်နေ့ညနေပိုင်းက MAI လေကြောင်းလိုင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိခဲ့သည်။

အဆိုပါ ဘီစီဂျီကာကွယ်ဆေး (BCG vaccine) အား မွေးကင်းစကလေးငယ်များ မွေးဖွားပြီးသည်မှ ၂၄ နာရီအတွင်း ထိုးနှံပေးရန်လိုအပ်ပြီး မွေးဖွားပြီး ၂၄ နာရီအတွင်း မထိုးနှံနိုင်ပါက အသက်နှစ်လ မတိုင်မီတွင်လည်းကောင်း၊ အသက်နှစ်လ အရွယ်တွင် အခြားကာကွယ်ဆေးများနှင့် ပူးတွဲ၍လည်းကောင်း ထိုးနှံခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ပြင်းထန်တီဘီရောဂါ ကာကွယ်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရန်အတွက် အထောက်အကူ ဖြစ်စေကြောင်း သတင်းရရှိသည်။ **မြဝတီ**

ဖြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၃°c	/	၃၀°c
ရန်ကုန်	၂၄°c	/	၃၁°c
မန္တလေး	၂၄°c	/	၃၁°c

 လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွှေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့်ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဧလ)

ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီအစည်းအဝေး (၁/၂၀၂၅)ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ(၁/၂၀၂၅) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ကျင်းပရာပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများ ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အတိုးနှုန်းသက်သာသည့် ချေးငွေများနှင့် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ၂၀၂၅-၂၀၂۶ ဘဏ္ဍာနှစ်တွင် စုစုပေါင်းစိုက်ဧကငါးသန်းကျော်အတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ۶၈၈ ဘီလီယံထုတ်ချေးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီတိုးမြှင့်ထုတ်လုပ်ရေး ရင်းနှီးလည်ပတ်ငွေလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အတိုးနှုန်းသက်သာသည့် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း။

ထို့ပြင် သဘာဝဘေးအန္တရာယ်ကျရောက်မှုများကြောင့် ကုန်ဈေးနှုန်းအပေါ် သက်ရောက်မှုမဖြစ်စေရေးအတွက် ကြပ်မတ်ထိန်းသိမ်းပေးရမည်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း အခြေခံစားသောက်ကုန်များ ပြတ်လပ်မှုမရှိစေရေး၊ ဈေးနှုန်းမြင့်တက်မှုမဖြစ်ပေါ်စေရေး၊ ဒေသတစ်ခုမှတစ်ခုသို့ ကုန်စည်စီးဆင်းမှုတွင် အခက်အခဲများမရှိစေရေးအတွက် ကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒေသအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများ အားလုံးက ကြိုတင်စီမံ၍ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီအပါအဝင် အခြေခံစားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်စေရေးဆောင်ရွက်မှုအခြေအနေ၊ ကုန်စည်များ စီးဝင်၊ စီးထွက်မှုအခြေအနေ၊ ငလျင်ဘေးသင့်ဒေသများတွင် အခြေခံစားကုန်များအား ဈေးကားများဖြင့် လှည့်လည်ရောင်းချမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် စားဖိုဆောင်သုံးပစ္စည်းများ၏ ထွက်ရှိမှု၊ ဖူလုံမှု၊ ရောင်းဝယ်မှုအခြေအနေနှင့်တွေ့ကြုံရသည့်အခက်အခဲများ၊ အခြေခံစားသောက်ကုန်ဈေးနှုန်းများတည်ငြိမ်စေရေးအတွက် နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီကို ၂၀၂၃ ခုနှစ် သြဂုတ်လ ၁၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီ၊ သားငါး၊ ဥနှင့် မီးဖိုချောင်သုံးကုန်ပစ္စည်းများ ဈေးနှုန်းတည်ငြိမ်ရေး၊ ပြည်တွင်းလိုအပ်ချက်နှင့် ထုတ်လုပ်မှုပမာဏ ညီညွတ်မျှတရေး၊ ကုန်စည်စီးဆင်းမှုအဝင်၊ အထွက်မှန်ကန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုပျက်ပြားစေမည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများ၊ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ငါးမြစ်ချင်းနှင့် ငါးခုံးမသားပေါက်များကို မင်္ဂလာကန်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် ဝန်ထမ်းများက သတ်မှတ်နေရာများ၌ ငါးသားပေါက်များ မင်္ဂလာကန်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြကြောင်းနှင့် အခမ်းအနားတွင် မင်္ဂလာကန်အတွင်း ငါးသယံဇာတ တိုးပွားစေရေးရည်ရွယ်ချက်ဖြင့် သဘာဝအလျောက်ကြီးထွားနှုန်းမြန်ဆန်သည့် ငါးမြစ်ချင်းနှင့်ငါးခုံးမကောင်ရေ ၂၅၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

နေပြည်တော်ကောင်စီနယ်မြေ သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

နေပြည်တော်ကောင်စီနယ်မြေ သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က ရုံးအမှတ် (၃၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဦးစီးဌာနများနှင့် နေပြည်တော်ကောင်စီနယ်မြေမှ တာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ပြည်သူများ၏ စားရေရိက္ခာဖူလုံရေး၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ အာဟာရပြည့်ဝစေရေးနှင့် တောင်သူများ၏ဝင်ငွေနှင့် လူနေမှုဘဝ မြင့်မားရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျွဲနွားခွာနာလျှာနာရောဂါ ကင်းရှင်းဇုန်အဖြစ် ကြေညာနိုင်ရန်အတွက် ကျွဲနွားခွာနာလျှာနာရောဂါကာကွယ်ဆေးထိုးခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ မွေးမြူရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အားကောင်းစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်လည်း ပံ့ပိုးဆောင်ရွက်ပေးနေမှု၊ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်များကို သက်ဆိုင်ရာကဏ္ဍများက ဝိုင်းဝန်းသုံးသပ်အကြံပြုပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အသားကဏ္ဍ၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက နေပြည်တော်ကောင်စီနယ်မြေ၏ အသားဖူလုံရေး ဆောင်ရွက်ချက်များနှင့် ငါးကဏ္ဍဖူလုံရေးဆောင်ရွက်ချက်များကိုတင်ပြကြပြီး တက်ရောက်လာကြသည့် မွေးမြူရေးလုပ်ငန်းရှင်များက နို့စားနွားမွေးမြူရေး၊ အသားတိုးနွားမွေးမြူရေး၊ အသားတိုးဝက်မွေးမြူရေး၊ ဥစားကြက်မွေးမြူရေး၊ အသားတိုးကြက်မွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများကို တင်ပြကြပြီး နေပြည်တော်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဆွေးနွေးချက်များ၊ သုံးသပ်အကြံပြုချက်များအပေါ် ဒုတိယဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Yinkwe mango variety in high demand at domestic market in Mawlamyinegyun Township

MAWLAMYINEGYUN July 17

"Yinkwe mango variety is marketable in Mawlamyinegyun Township of Ayeyawady Region," said Daw Win Win Thu, the owner of mango trading commodity in Mawlamyinegyun Township.

In Mawlamyinegyun Township, the locally grown Yinkwe mangoes have been actively traded in the market since the second week of June this year. It is reported that the daily demand has been strong, with purchases ranging from 45,000 to 55,000 mangoes per day. The price has reached up to Ks-72,000 per 100 pieces of mango.

"Mangoes harvested from our side are in high demand from other townships. Currently, trade volume has reached up to 55,000 mangoes per day. These mangoes are of high quality and very fresh. Since they are locally produced, consumers are able to access clean and fresh food products at reasonable prices. Other regions are actively purchasing these Yinkwe mangoes transported from our area. As demand for these local mangoes increases, mango farmers are enjoying greater opportunities and improved live lihoods," said Daw Win Win Thu.

It is also noted that this is currently the mango season in Mawlamyinegyun Township, including the Yinkwe mango variety. The rise in demand and trade of these local mangoes brings several benefits such as focusing only on local produce, reduced transportation costs, and the advantage of freshness of goods.

SK

Labutta Township ships dried Mackerel fish to Yangon market

LABUTTA July 17

"Local businesspersons from Labutta Township of Ayeyawady Region sent a large volume of dried Mackerel fish to Yangon market," said Daw Myint Myint Win, the owner of dried fish trading in Labutta Township.

The dried mackerel fish produced in the region is being systematically processed and mainly supplied for sale to the Yangon market. In the past month alone, up to 70,000 viss have been sold.

Since the Yangon market is actively purchasing regional products, these dried fish are being continuously delivered and sold there.

"The dried marine fish currently being traded are those produced during the summer season. These dried fish are in high demand domestically among consumers," said Daw Myint Myint Win.

In Labutta Township, seafood merchants process fermented fish paste and dried fish. Among them, the locally-produced dried mackerel is being exported and sold in the Yangon market.

It is reported that the price for 10 viss of this dried mackerel currently reaches up to Ks-305,000.

SMK

Over 1,000 acres of green gram planted in Kyaukmyaung Sub-township

KYAUKMYAUNG July 17

Statistics of Kyaukmyaung Sub-township of Shwebo Township in Sagaing Region stated that local farmers planted more than 1,000 acres of green gram in monsoon this year.

During the 2025-2026 monsoon crop season, Kyaukmyaung Sub-township has planned to cultivate 3,821 acres of green gram. Starting from May this year, cultivation began, and so far, a total of 1,091 acres have already been planted.

"This year, during the monsoon crop season, over 3,000 acres of green gram are planned to be cultivated in Kyaukmyaung Sub-township. As of today, over 1,000 acres have already been cultivated. We are working to achieve the targeted acreage. There are awareness campaigns encouraging farmers to expand green gram cultivation and to use quality seeds for better yields," said Daw Khin Win, head of the Department of Agriculture in Kyaukmyaung Sub-township.

This year, the sub-township's department of agriculture is providing knowledge and support to green gram farmers in Kyaukmyaung Sub-township. This includes promoting the use of high-quality and region-appropriate seeds, correct cultivation methods, pest and disease prevention, systematic use of fertilizers, and improving yield.

SMK

Myinmu Township finishes harvest of summer paddy

MYINMU July 17

According to Sagaing District Agriculture Department of Sagaing Region, local farmers have harvested all sown acreage of summer paddy in Myinmu Township.

They planted 1,953 acres of summer paddy in Myinmu Township. They started harvest of crops in May this year, and they have harvested all sown acreage of crops. After harvesting, summer paddy yielded 93.60 baskets per acre.

"In Myinmu Township, a total of 1,950 acres of summer paddy were planned for cultivation during this year's summer crop season, but cultivation was actually carried out on 1,953 acres. As of now, 100 percent of the cultivated summer paddy fields have been fully harvested," said Daw Thida Lwin, Head of the Sagaing District Department of Agriculture.

In Myinmu Township, to help farmers increase their per-acre yield and reach target production levels, quality and pure seeds were distributed, agricultural pamphlets were handed out, farmer training sessions and awareness talks were organized, and efforts were made to ensure timely access to necessary inputs.

Farmers were also encouraged to coordinate with the Department of Agriculture to make early preparations after the monsoon paddy and monsoon crop harvests.

SK

State Administration Council
Press Release
Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

Information Team

State Administration Council

Htigyaing Township plans to grow over 40,000 acres of rain-fed rice

HTIGYAING July 17

More than 40,000 acres of rain-fed rice will be planted in Htigyaing Township, Katha District, Sagaing Region during this year rain crops planting season, according to the Department of Agriculture for Htigyaing Township.

During the 2025-2026 rain crops planting season, Htigyaing Township is planning to plant 40,278 acres of rain-fed rice, and the rain-fed rice cultivation will begin from July to September this year.

"This year, Htigyaing Township is planning to plant more than 40,000 acres of rain-fed rice. We will work to ensure that the targeted acres are planted. We will provide the necessary technology and varieties for rain-fed rice cultivation. We will conduct field visits to help farmers to plant rain-fed rice on time," said U Ko Ko Aung, head of the Department of Agriculture forHtigyaing Township.

This year, the relevant township department of agriculture and local farmers will work together to ensure that rain-fed rice cultivation is carried out without any difficulties during the rain crops planting season.

SK

Wetlet Township to grow more than 130,000 acres of monsoon paddy this year

WETLET July 17

A plan is underway to cultivate over 130,000 acres of monsoon paddy in Wetlet Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025–2026 monsoon cropping season, it is planned to cultivate monsoon paddy on 139,600 acres in Wetlet Township. It has been reported that the paddy cultivation will begin in June this year and continue through September.

Daw Kyin San, the Head of the Agriculture Department in Wetlet Township, stated, "This year, during the monsoon cropping season, we plan to cultivate over 130,000 acres of monsoon paddy in Wetlet Township. We will work towards achieving the full target acreage. We will also provide the necessary techniques and quality seeds for paddy cultivation. To ensure timely planting by farmers, we will provide on-site support."

It is reported that, during this year's monsoon cropping season, the respective township agriculture department will collaborate with local farmers to ensure systematic cultivation without any major difficulties.

In Wetlet Township, paddy farmers will be provided with agricultural techniques, awareness on pest control, guidance to prevent crop losses, and instructions to ensure that harvested paddy is stored under proper shelter in a timely manner.

To ensure high yields and successful paddy fields in Wetlet Township this year, the township agriculture department staff will conduct field visits to guide farmers in selecting quality and pure seeds, preventing pest infestations, proper weeding, removing off-types, and using fertilizers systematically. **SMK**

Farmers to plant more than 1,000 acres of chilli in ChaungU Township this year

CHAUNGU July 17

Statistics of ChaungU Township Agriculture Department in Sagaing Region stated that local farmers will grow more than 1,000 acres of chilli as monsoon crops in ChaungU Township this year.

During the 2025-2026 monsoon crop season, it has been planned to cultivate 1,382 acres of chilli crops in ChaungU Township, and it is reported that the cultivation will take place from June to September of this year.

U Tint Swe, Head of the Agriculture Department in ChaungU Township, stated: "This year, during the monsoon crop season, we have planned to grow over 1,000 acres of chilli crops in ChaungU Township. Cultivation will begin this month. Efforts will be made to ensure the planned acreage is successfully cultivated. The condition for chilli cultivation is good. We will also provide support to promote commercial chilli farming."

It is learned that to help farmers achieve high yields and secure market access, officials from the relevant district and township agriculture departments will provide technical assistance on cultivation techniques, pest prevention and control, and improving soil fertility.

From the start of cultivation to the harvesting period, the estimated cost for chilli farming is around Ks-1.5 million for those using their own land, and around Ks-2.5 million for those leasing land. Chilli crops can be harvested every 15 days and continue for up to six months. At the beginning of the harvest period, approximately 100 viss per acre can be collected, and in the following weeks, the yield may reach between 400 to 500 viss per acre.

SK

Iran's airports resume normal operations

TEHRAN July 17

Iran has fully resumed normal airport operations and reopened its airspace to international overflights around the clock, the Iranian Civil Aviation Organization (CAO) said Thursday in a statement.

Mehrabad International Airport, Tehran's primary airport, will provide daily services from 4:00 a.m. to 7:00 p.m. local time (0030 to 1530 GMT), read the statement published on CAO's website. However, the statement noted that training and recreational flights remain suspended until further notice.

The decision was made following precise security and safety assessments and in view of the country's current circumstances, it said.

Iran closed its airspace on June 13 following Israeli airstrikes on several areas in the country. Following 12 days of war, a ceasefire between Iran and Israel was achieved on June 24.

On July 3, Iran reopened its airspace to domestic, foreign, and international transit flights, and said all its airports had become operational, providing services between 5:00 a.m. and 6:00 p.m. local time (0130 to 1430 GMT), except those in the northwestern city of Tabriz and the central city of Isfahan, which had been damaged during the war.

On July 5, Tabriz Shahid Madani International Airport resumed flights, and so did Isfahan Shahid Beheshti International Airport on Thursday.

Xinhua

China Ready to Work With SCO Countries to Restore Peace in Middle East

BEIJING July 17

China is ready to cooperate with the Shanghai Cooperation Organization (SCO) member countries and the international community to promote a political settlement and the speedy restoration of peace in the Middle East, the Chinese Foreign Ministry told Sputnik on Thursday.

On Tuesday, Iranian Foreign Minister Abbas Araghchi asked the SCO to promptly consider the situation with Israel's aggression against the Islamic Republic, as well as to provide Tehran with political support in light of the June conflict with the Jewish state.

"The peoples of China and Iran are bound by traditional friendship. China is committed to maintaining friendly cooperation with Iran in order to benefit the peoples of both countries and bring positive factors to maintaining peace and stability in the Middle East," the ministry said when asked to comment on Iran's request to the SCO.

The ministry noted that "the situation in the region currently remains complex and sensitive."

"China is ready to cooperate with members of the Shanghai Cooperation Organization and the international community to uphold peace, promote a political settlement and quickly restore peace and stability in the Middle East."

Sputnik

Israel attacks Damascus

DAMASCUS July 17

Israel attacked the headquarters of the Syrian military and locations near the presidential palace in Damascus on Wednesday. The strike, broadcast live on the Iranian ISNA television channel, was carried out after West Jerusalem issued warnings of "painful blows" in response to Syrian military operations targeting the Druze ethnic minority.

Violent clashes have been going on for several days in the city of Sweida, involving Syrian security forces supported by Bedouin groups, and Druze militants. In an effort to protect the latter, the Israeli military conducted airstrikes on Southern Syria. Wednesday's strikes also hit the predominantly Druze city of Sweida, where a a ceasefire announced the previous evening swiftly collapsed into a fourth day of fighting.

The Israel Defence Forces (IDF) said on Monday that it "struck the entrance of the Syrian regime's military headquarters."



"The military headquarters in Damascus is the location from which Syrian regime commanders direct combat operations and deploy regime forces to the As-Suwayda area," it added in a Telegram post.

Security sources inside the Syrian Defence Ministry told Reuters that at least two drone strikes hit the building, forcing senior officers to take cover in a basement shelter. According to state-owned Elekhbariya TV, two civilians were wounded in the attack, though Syrian authorities have not confirmed any casualties.

Multiple militant groups led by Hayat Tahrir al-Sham (HTS) took power in Damascus late last year. Following the turmoil, Israel invaded the buffer zone in southwestern Syria adjacent to the Israeli-occupied Golan Heights and carried out an aerial campaign.

Since December, the Islamists have reportedly perpetrated several massacres of Syria's minority communities, including the Alawites, Christians, and Druze.

Israel has conducted multiple strikes in Syria, citing the need to protect the Druze community. The most recent strikes followed a statement from prominent Druze Sheikh Hikmat al-Hajri, who accused government troops of violating a ceasefire and called on fighters to confront what he referred to as a barbaric attack.

RT

109 killed, 35 missing in monsoon rain in Indian state since June 20

NEW DELHI July 17

At least 109 people have been killed, 35 others missing and 199 injured in monsoon rain since June 20 in the northern Indian state of Himachal Pradesh, officials said Thursday.

The disaster management authority confirmed widespread damage to houses, livestock shelters, government buildings, roads, water supply and power lines in the state.

Rescue teams were searching for the missing people as survivors struggled with ongoing outages.

Xinhua

7.2-magnitude quake hits 87 km south of Sand Point, Alaska: USGS

NEW YORK July 17

An earthquake with a magnitude of 7.2 jolted 87 km south of Sand Point, Alaska, the United States, at 20:37:40 GMT on Wednesday, the U.S. Geological Survey said.

The epicenter, with a depth of 36 km, was initially determined to be at 54.55 degrees north latitude and 160.34 degrees west longitude.

Xinhua

Artificial sweetener found in Diet Coke and chewing gum could trigger puberty early, study suggests

Children who consume a diet packed with sweeteners may be at higher risk of reaching puberty earlier, concerning research suggests.

Commonly-used sweeteners including aspartame, found in drinks like Diet Coke and products like Extra chewing gum and Muller Light yoghurts as sugar alternatives, have long been linked to certain cancers and heart issues.

But now, Taiwanese experts have found that high levels of the additives could also trigger central precocious puberty—where the first signs of puberty emerge far earlier than normal, typically before the age of eight in girls and nine in boys.

Higher consumption of 'added sugars', meaning those above the natural content of a food or drink item, was also linked with an earlier puberty.

Experts said the study—one of the first of its kind—showed how sweeteners had a 'surprising and powerful impact' on children's development.

Previous studies have warned that starting puberty at a very young age may increase the risk of other health conditions including depression, diabetes and even cancers.

Dr Yang-Ching Chen, study co-author and an expert in nutrition and health sciences at Taipei Medical University, said: 'This study is one of the first to connect modern dietary habits—specifically sweetener intake—with both genetic factors and early puberty development in a large, real-world cohort.

'It also highlights gender differences in how sweeteners affect boys and girls, adding an important layer to our understanding of individualised health risks.'

In the study, the scientists assessed 1,407 Taiwanese teens, who undertook diet questionnaires and urine tests, and discovered 481 had undergone early puberty.

They found the artificial sweetener sucralose showed a stronger link with early puberty in boys, while aspartame, glycyrrhizin and regular added sugars showed a stronger link in girls.

Experts also found the risk was most pronounced in those who already had a genetic predisposition towards an earlier puberty.



The study was presented at ENDO 2025, the Endocrine Society's annual meeting in San Francisco, and has yet to be published in full.

But common limitations of diet studies include the fact eating habits are often self-reported.

Sucralose is made from normal sucrose table sugar but is chemically altered so the body doesn't process it as a carbohydrate, meaning that it contains no calories.

It is the main ingredient in the Canderel sweetener. Glycyrrhizin, on the other hand, comes from liquorice roots and is a natural sweetener.

Previous research from the same team found that some sweeteners can affect the release of puberty-related hormones.

They said the chemicals were having this effect by influencing the function of cells in the brain or by altering the make-up of bacteria in the gut.

Concerns about the impact artificial sweeteners, which are added a plethora of products to make them TAST sweet with fewer calories, could be having health, including its cardiovascular impact, have circulated for years.

But critics highlight such studies are only observational, meaning they are unable to prove artificial sweeteners are the culprit and cannot rule out other external factors being to blame.

Fears have also been raised about links between artificial sweeteners and cancer.

These worries were heightened in 2023 after the World Health Organisation controversially classified the artificial sweetener aspartame, found in drinks like Diet Coke, as 'possibly carcinogenic to humans'.

However, the UN agency ruled it only posed a risk to those who consumed massive amounts and that an 11 stone (70kg) adult could safely drink about 14 cans a day.

A growing body of research also suggests that girls who go through puberty at earlier ages could be at risk for health issues later in life.

One 2023 US study found that girls who started their period before the age of 13 were at a higher risk of developing type 2 diabetes and suffering strokes in adulthood than their peers who began menstruating later.

Another, published in the Lancet, found that girls who started their periods at early ages were at an increased risk of breast cancer.

Experts have put the surge in girls starting puberty younger down to the ongoing obesity crisis, with fat cells containing hormonal properties triggering puberty at a younger age.

Mail Online

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ပထမဗဟိုဌာနသယဇာတ်ရှိ သာသနိကအဆောက်အအုံ အပျက်အစီးများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသည့် မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်ရှိ အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၁၇

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ ဆွမ်းဦးပုညရှင်စေတီ၊ရာဇမဏ္ဍိုဌ်ကောင်းမှုတော်စေတီ၊ ရတနာစေတီဆင်များရှင်ဘုရားနှင့် မဟာစေတီများရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်နေသည့်အခြေအနေများ၊ စေတီတော်လုံးပတ် ပြန်လည်ပြုပြင်နေသည့်အခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဆောင်ရွက်နေသည့်အခြေအနေများကိုလည်းကောင်း၊ ထူပါရုံကျောက်စာတိုက်၊ ရတနာဒီပံချောင်ကျောင်းတိုက်၊ တောလေးထပ်ကျောင်းတိုက်၊ပထမဂန္ဓာရုံကျောင်းတိုက်၊ သောဘိတရာမရွှေသမားကျောင်းတိုက်၊ စိန်ရတနာကျောင်းတိုက်နှင့် ပထမဗဟိုဌာနသယဇာတ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ ဘက်စုံပြန်လည်ပြုပြင်နေသည့်အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချီရည်များပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဧင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် နှစ်(၇၀၀)ပြည့်အားကစားခန်းမနှင့်မဟာစည်းခုံကြီးစေတီတော်ရှိ သာသနာ့ဗိမာန်တို့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ စစ်ကိုင်းမြို့ရှိ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များမှကြီးကြပ်၍ နေအိမ်ပျက်စီးခဲ့သည့် ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ မင်းလမ်းရပ်ကွက်နှင့် ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော လူနေအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များမှအပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ သောတာပန်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းဘေး ၀/ယာ အပြိုအပျက်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဧင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက် ရတနာဓုဝံပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကနှင့်ဆရာတော်၊သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသက်နံ်နှင့် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲတို့အား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ရတနာဓုဝံပရိယတ္တိစာသင်တိုက်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများကို တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးဆေးစစ်ဆေးခြင်း၊ဆေးဝါးကုသပေးခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ဒေါနဘွားရပ်ကွက်၊ မဟာအတုလဝေယန် (အတုမရှိ)ကျောင်းဆောင်တော်ကြီး၌ စူဠာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ပလ္လင်တော်ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများအားလည်းကောင်း၊ ရုပ်ရှင်တော်မြတ်ကြီး၏အပေါ်ရှိ မျက်နှာကြက်အမိုးများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများအားလည်းကောင်း၊ ကြမ်းခင်းများ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ အားလည်းကောင်း ကြည့်ရှုစစ်ဆေး၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းတော်ကြီး၏ မဟာရံတံတိုင်းများ ပျက်စီးနေမှုအား အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်ရှိ လေသာကျောင်းတိုက်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်အပျက်အစီးများအား တပ်မတော်သားများနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက်ရှင်းလင်းဆောင်ရွက်နေမှုအားကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လုပ်အားပေးဆောင်ရွက်နေသူများအား စားသောက်ဖွယ်ရာများပေးအပ်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသ္ဟောင်ရပ်ကွက်ရှိမဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင်တိုက်တန်းနှင့်ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်များသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ နေ့စဉ်အများပြည်သူ အသုံးပြုမှုများသည့် လမ်းမကြီးများဖြစ်သည့်အတွက် လမ်းပိတ်ဆို့မှုမဖြစ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့အားမှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

❒ **ကျောဖုံးမှအဆက်**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသံ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဧလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ကျော်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ၀ေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ကျော်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ လက်မခန့်တွင်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့ည ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲကျော်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့၊ ဟသံ်ာတမြို့၊ မဒေါက်မြို့၊ ဧလွန်မြို့၊ ငါးသိုင်းချောင်းမြို့၊ မအူပင်မြို့နှင့်တောင်ငူမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့်မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဧလ)**

အကြမ်းဖက်မှုပယောက်ရေးအတွက် ပြည်သူ့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

စိမ့်မြေများပြန်လည်ဖြစ်ထွန်းမှုက ကာဗွန်ထုတ်လွှတ်မှုကို လျော့ကျစေပြီး မိုးခေါင်ရေရှားမှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေ

ဆစ်ဒနီ၊ သဘာဝပတ်ဝန်းကျင်

သြစတြေးလျနိုင်ငံ၌ စိမ့်မြေများ ပြန်လည်ဖြစ်ထွန်းမှုသည် ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို သိသိသာသာလျော့ကျ စေပြီး ရေကြီးမှုနှင့် မိုးခေါင်ရေရှားမှု ဒဏ်များကို ပိုမိုခံနိုင်ရည်ရှိလာစေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ဇူလိုင်လ ၁၇ ရက်တွင်ထုတ်ပြန်သည်။

သြစတြေးလျနိုင်ငံရှိ တော်ဝင်မဲဘုန်းနည်းပညာတက္ကသိုလ်မှသုတေသနပညာရှင်များက ဗစ်တိုးရီးယားပြည်နယ် လော့ဒန် မြစ်ကြောင်းတစ်လျှောက်ရှိ စိမ့်မြေများကို လေ့လာမှုများလုပ်ဆောင်ခြင်းဖြစ်သည်။ အဆိုပါလေ့လာမှုအရ စိမ့်မြေများ ပြန်လည်ဖြစ်ထွန်းခြင်းက ရာသီဥတုနှင့် ရေစီမံခန့်ခွဲမှုများအပေါ် လျင်မြန်စွာ သက်ရောက်မှုရှိစေကြောင်း တွေ့ရှိရခြင်း ဖြစ်သည်။

"စိမ့်မြေများကိုပြန်လည်ဖော်ထုတ်ပြီး ထိန်းသိမ်းခြင်းက ရာသီဥတုပြောင်းလဲမှု ကိုတိုက်ဖျက်ရေးအတွက် လျှို့ဝှက် လက်နက်တစ်ခုဖြစ်လာနိုင်ပါတယ်" ဟု သုတေသနအဖွဲ့ခေါင်းဆောင် လူးကပ်ရှု စတာကပြောသည်။

ပြန်လည်ဖြစ်ထွန်းလာသော စိမ့်မြေများသည် တစ်နှစ်အတွင်း ကာဗွန်ထုတ်လွှတ်မှုကို ၃၉ ရာခိုင်နှုန်းလျှော့ချနိုင်ကာ မြေဆီလွှာရှိကာဗွန်ပမာဏကို ၁၂ ရာခိုင်နှုန်းမြင့်တက်လာစေကြောင်း၊ ပြန်လည်ဖြစ်ထွန်းခြင်းမရှိသည့် စိမ့်မြေများမှာ ကာဗွန်ထုတ်လွှတ်မှု ၁၆၉ ရာခိုင်နှုန်း မြင့်တက်ပြီး မြေဆီလွှာရှိကာဗွန်ပမာဏ ကိုလည်း ၁၀ ရာခိုင်နှုန်းလျှော့ကျသွားစေ ကြောင်း သုတေသနစာတမ်းတွင်ဖော်ပြ ထားသည်။

Ref: Xinhua

အလက်စကာပြည်နယ်၌ အင်အား ၇ ဒသမ ၃ ရစ်(ခ်)တာစကေးရှိ ငလျင်တစ်ခုလှုပ်ခတ်၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ထား

ဂျူးနို၊ သဘာဝဘေး

အမေရိကန်ပြည်ထောင်စု အလက်စကာပြည်နယ် ကမ်းရိုးတန်းအလွန်၌ ဇူလိုင်လ ၁၆ ရက်တွင် အင်အား ၇ ဒသမ ၃ ရစ်(ခ်)တာစကေးရှိငလျင်တစ်ခုလှုပ်ခတ်ရာ ဆူနာမီလှိုင်းဖြစ်ပေါ်နိုင်သည့် သတိပေးချက်ထုတ်ပြန်ထားကြောင်း အမျိုးသားမြေငလျင်ဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



အဆိုပါငလျင်သည် ဧရာက်တိမ်ငလျင် ဖြစ်ပြီး အနက် ၃၅ ကီလိုမီတာတွင် ဖြစ်ပေါ်သောကြောင့်နောက်ဆက်တွဲငလျင် ငယ်များစွာလှုပ်ခတ်မှုကို ဖြစ်ပေါ်စေခြင်း ဖြစ်သည်။ ဧရာက်တိမ်ငလျင်အမျိုးအစား မှတွက်ပေါ်လာသော မြေငလျင်လှိုင်းက မြေပြင်ပေါ်သို့အချိန်တိုအတွင်းရောက်ရှိ လာသောကြောင့် ဧရာက်နက်ငလျင်များ ထက် ပျက်စီးဆုံးရှုံးမှုပိုမိုများပြားစေနိုင် သည်။

ထို့နောက် တာဝန်ရှိသူများက ဆူနာမီ သတိပေးချက်ထုတ်ပြန်ကာ ပြည်သူများ ကို ဘေးကင်းရာတောင်ကုန်းဒေသများ သို့ပြောင်းရွှေ့နေထိုင်ရန် တိုက်တွန်းထား ကြောင်းနှင့် နောက်ထပ်အကြံပြုချက်များ ကိုထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြော ထားသည်။

Ref: MSN

ထရမ့်က တရုတ်နိုင်ငံအပေါ်သဘောထားပျော့ပျောင်းလာ

ဝါရှင်တန်၊ ဆက်ဆံရေး

အမေရိကန်သမ္မတဒေါနယ်ထရမ့်သည် တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံနိုင် မည့်အခွင့်အရေးပိုမိုရရှိစေရန်နှင့် ကုန်သွယ်ရေးသဘောတူညီချက် ပိုမိုခိုင်မာစေ ရန်တို့အတွက် တရုတ်နိုင်ငံအပေါ်ထားရှိ သောသဘောထားပျော့ပျောင်းလာသည် ဟု တာဝန်ရှိသူများ၏ပြောဆိုချက်ကို ကိုးကား၍ Bloomberg သတင်းဌာနက ဖော်ပြထားသည်။

ပြီးခဲ့သည့်သီတင်းပတ်တွင် တရုတ် နိုင်ငံခြားရေးဝန်ကြီးဝမ်ယီနှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုတို့ တွေ့ဆုံပြီးနောက် ထရမ့်နှင့်ရှီကျင့်ဖျင်တို့ ကြား တွေ့ဆုံဆွေးနွေးနိုင်ခြေမြင့်တက် လာခြင်းဖြစ်သည်။

ယခုအခါ ဒေါနယ်ထရမ့်သည် တရုတ် နိုင်ငံနှင့် ကုန်သွယ်ရေးဆိုင်ရာသဘောတူ ညီချက်များလက်မှတ်ထိုးရန် စိတ်အား ထက်သန်နေသည်ဟု သတင်းအရင်း အမြစ်များကပြောသည်။

Ref: RT

သတင်းတိုကဏ္ဍ

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် တရုတ်က SCO နိုင်ငံများနှင့်လက်တွဲရန်အသင့်ရှိ

အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေး အတွက် တရုတ်နိုင်ငံက ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့(SCO)မှ အဖွဲ့ဝင်နိုင်ငံ များနှင့် လက်တွဲဆောင်ရွက်ရန်အသင့် ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဌာနက ဇူလိုင်လ ၁၇ ရက်တွင်ထုတ်ပြန် သည်။

အီရန်နှင့်အစ္စရေးတို့ကြား အပြန်အလှန် တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် SCO အနေဖြင့် လက်ရှိအခြေအနေများကို သုံးသပ်ကာ နိုင်ငံရေးအရအထောက်အပံ့ များပေးရန် အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘာတ်အာရက်ချီက တောင်းဆို ပြီးနောက် တရုတ်အစိုးရက ယခုကဲ့သို့ ထုတ်ပြန်လာခြင်းဖြစ်သည်။

လက်ရှိအရှေ့အလယ်ပိုင်းအခြေအနေ သည် ရှုပ်ထွေးပြီးအထိအခိုက်မခံကြောင်း၊ သို့သော် တရုတ်နိုင်ငံအနေဖြင့် SCO နိုင်ငံ များနှင့်သာမက နိုင်ငံတကာအသိုင်းအဝိုင်း နှင့်ပါ လက်တွဲပူးပေါင်း၍ ယင်းဒေသ အတွင်းငြိမ်းချမ်းရေးကိုထိန်းသိမ်းနိုင်စေ ရန်၊ နိုင်ငံရေးနည်းဖြင့်အဖြေရှာနိုင်စေရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ထုတ်ပြန် ချက်တွင်ဖော်ပြထားသည်။ **Ref: Sputnik**

ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၂၄ နာရီအတွင်း လူ ၅၄ ဦးသေဆုံး

ပါကစ္စတန်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ပြီးခဲ့သည့် ၂၄ နာရီအတွင်း လူပေါင်း ၅၄ ဦးသေဆုံးကြောင်း အစိုးရ ၏သဘာဝဘေးအန္တရာယ်အေဂျင်စီက ဇူလိုင်လ ၁၇ ရက်တွင် ထုတ်ပြန်သည်။

ထို့ပြင် အဆိုပါလူ ၅၄ ဦးသေဆုံးမှု ကြောင့် နိုင်ငံအတွင်းသို့ ပြီးခဲ့သည့်လ နှောင်းပိုင်းမှစ၍ဝင်ရောက်ခဲ့သော မုတ်သုံ ရာသီအတွင်း သေဆုံးသူအယောက် ၁၈၀ ခန့်အထိ မြင့်တက်လာပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထား သည်။

ပန်ဂျပ်ပြည်နယ်တစ်ဝန်းတွင် ဇူလိုင်လ ၁၆ ရက် နံနက်ပိုင်းမှစ၍ မိုးများမရပ် မနားသည်းထန်စွာရွာသွန်းကြောင်း၊ ထိုသို့ ရွာသွန်းမှုကြောင့် မြို့ပေါ်ရပ်ကွက်များ တွင် ရေကြီးမှုများပင်ဖြစ်ပေါ်ကြောင်း၊ ရာဝယ်ပင်ဒီမြို့ကို ဖြတ်သန်းစီးဆင်းနေ သည့် မြစ်အနီးနေထိုင်သူများအနေ ဖြင့် မြစ်ရေမြင့်တက်လာနိုင်မှုကြောင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်ကြရန် တိုက်တွန်းကြောင်း တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

Ref: AGC

အီရတ်နိုင်ငံရှိ ကတ်မြို့၌ ကုန်တိုက်ကြီးတစ်ခုမီးလောင် လူ ၆၁ ဦးသေဆုံး

အီရတ်နိုင်ငံ ဝါဆစ်ပြည်နယ်ရှိ ကတ်မြို့၌ ကုန်တိုက်ကြီးတစ်ခုမီးလောင်မှု ဖြစ်ပွားရာ လူ ၆၁ ဦးသေဆုံးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူ များက ဇူလိုင်လ ၁၇ ရက်တွင်ပြောသည်။

အဆိုပါမီးလောင်မှုကြောင့်သေဆုံးသူ များတွင် အမျိုးသားများ၊ အမျိုးသမီးများ သာမက ကလေးငယ်များလည်းပါဝင်ပြီး သေဆုံးသူအများစုသည် အသက်ရှူကျပ် ခြင်းကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထား သည်။

မီးလောင်မှုသည် မကြာသေးမီကမှ ဖွင့်လှစ်လိုက်သော ကုန်တိုက်ကြီး၌ ဇူလိုင် လ ၁၆ ရက်နှောင်းပိုင်းတွင်ဖြစ်ပွားခြင်း ဖြစ်ကြောင်း၊ ယင်းမီးလောင်မှုမှ အသက်ရှင် သူ ၄၅ ဦးကျော်ကို ကယ်ဆယ်ထားနိုင် ကြောင်းနှင့်သေဆုံးသူအများစုကိုကုန်တိုက် အတွင်းရှိ သန့်စင်ခန်းများမှတွေ့ရှိရခြင်း ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ဆက်လက် ဖော်ပြထားသည်။ မီးလောင်မှုဖြစ်ရ သည့်အကြောင်းရင်းကို ၄၈ နာရီအတွင်း စုံစမ်းစစ်ဆေးထုတ်ပြန်သွားမည်ဟု တာဝန် ရှိသူများကပြောသည်။ **Ref: IE**

တောင်ကိုရီးယားနိုင်ငံ၌ နှစ်ပေါင်း ၁၂၀ အတွင်း အပြင်းထန်ဆုံးမိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပွား

တောင်ကိုရီးယားနိုင်ငံ၌ နှစ်ပေါင်း ၁၂၀ အတွင်း အပြင်းထန်ဆုံးသော မိုးသည်း ထန်စွာရွာသွန်းမှုဖြစ်ပွားရာ ဇူလိုင်လ ၁၇ ရက်တွင် အနည်းဆုံးလူသုံးဦးသေဆုံးပြီး လူ ၁၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလိုက်ကြောင်း တာဝန်ရှိသူ များကပြောသည်။

တောင်ကိုရီးယားနိုင်ငံသည် ဇူလိုင်လ တွင် မုတ်သုံမိုးရွာသွန်းမှုနှင့်ရင်ဆိုင်ရလေ့ ရှိသော်လည်း နိုင်ငံတောင်ပိုင်းရှိ ဒေသ သုံးခုသည် မကြုံစဖူးထူးကဲသည့်မိုးသည်း ထန်စွာရွာသွန်းမှုနှင့်ရင်ဆိုင်လာရခြင်းဖြစ် သည်။

သေဆုံးသူများအနက်တစ်ဦးကို ရေနစ် နေသောကားတစ်စီးအတွင်းမှ တွေ့ရှိ ရခြင်းဖြစ်ပြီး နောက်တစ်ဦးမှာမူ ရေစီး ဖြင့်မျောပါသွားကာ နောက်ထပ်အမျိုး သားတစ်ဦးကို ရေမြုပ်နေသောတိုက်ခန်း မြေညီထပ်အတွင်းတွေ့ရှိရခြင်းဖြစ်သည် ဟု တောင်ကိုရီးယားပြည်ထဲရေးဝန်ကြီး ဌာနကထုတ်ပြန်ထားသည်။

Ref: BP

လပေါ်မှာ လူသားတွေအသက်ရှင်သန်နေထိုင်နိုင်မယ့် နည်းပညာ



လူသားတွေအနေနဲ့ လပေါ်မှာအခြေချပြီးနေထိုင်နိုင်ဖို့ဆိုတာ စိတ်ကူးထဲမှာပဲအလုပ်ဖြစ်လိမ့်မယ်လို့ ထင်ခဲ့ဖူးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လေ့လာတွေ့ရှိထားတဲ့ သိပ္ပံမှတ်တမ်းတွေအရ လရဲ့မျက်နှာပြင်ဟာ အင်မတန်မှခက်ထန်ကြမ်းတမ်းတယ်။ အပူချိန်ကလည်း အပြောင်းအလဲအလွန်မြန်တယ်။ အသက်ရှူစရာအောက်ဆီဂျင်မရှိဘူး။ လူတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်တဲ့ရေဆိုတာလည်းမရှိဘူးလို့ ကျွန်တော်တို့မှတ်ယူခဲ့ကြတဲ့အတွက်ဖြစ်ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ ဒီစိတ်ကူးဟာ လက်တွေ့ဖြစ်လာတော့မယ့်အချိန်ကို ရောက်ရှိလာပြီလို့ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် လပေါ်မှာ လူသားတွေနေထိုင်နိုင်စေမယ့် နည်းပညာတစ်ခုကို တရုတ်သိပ္ပံပညာရှင်များကဖော်ထုတ်လိုက်နိုင်လို့ပဲဖြစ်ပါတယ်။

ရှန်းကျန့်မြို့ရှိ ဟောင်ကောင်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဒီနည်းပညာကိုဖော်ထုတ်လိုက်တာပါ။ သူတို့ရဲ့နည်းပညာက လရဲ့မြေသားကနေရေကို ထုတ်ယူတယ်။ ပြီးတဲ့အခါ ကာဗွန်ဒိုင်အောက်ဆိုက်ကနေ အောက်ဆီဂျင်ကိုပြောင်းလဲနိုင်ဖို့နဲ့ လောင်စာအတွက် ဓာတုပစ္စည်းများကိုရရှိနိုင်စေဖို့အတွက် အဲဒီရေကိုပဲအသုံးပြုမှာဖြစ်ပါတယ်။ အခုနည်းပညာက အနာဂတ်မှာ နက်ရှိုင်းကျယ်ပြောတဲ့အာကာသထဲကို သွားရောက်လေ့လာမှုတွေလုပ်ဆောင်နိုင်ဖို့အတွက် အခွင့်အလမ်းများကိုဖွင့်လှစ်ပေးနိုင်ခြင်းလည်းဖြစ်ပါတယ်။ အကြောင်းရင်းကတော့ ရေနဲ့လောင်စာလိုမျိုးမရှိမဖြစ်လိုအပ်တဲ့ အရင်းအမြစ်တွေကို ကမ္ဘာမြေဆီကနေ အပင်ပန်းခံသယ်ယူဖို့ မလိုအပ်တော့တဲ့အတွက်ဖြစ်ပါတယ်။

မကြာသေးခင်က တရုတ်နိုင်ငံရဲ့ အာကာသအေဂျင်စီက အောင်မြင်စွာအကောင်အထည်ဖော်နိုင်ခဲ့တဲ့ Chang'e–5 မစ်ရှင်ကနေ လရဲ့မြေသားနမူနာများကိုရယူနိုင်ခဲ့ပါတယ်။ အဲဒီမြေသားနမူနာများကိုစမ်းသပ်မှုအရ လရဲ့မျက်နှာပြင်မှာရေရှိတယ်လို့ သုံးသပ်ကြပါတယ်။ ဒီသုံးသပ်ချက်ကိုအခြေခံပြီး သိပ္ပံပညာရှင်များက လပေါ်မှာလူသားတွေအခြေချနိုင်စေဖို့အတွက် နည်းပညာများကိုဖန်တီးလာတာပါ။

အရင်တုန်းကဖန်တီးတဲ့နည်းပညာများက လရဲ့မြေသားကနေ ရေကိုထုတ်ယူနိုင်ဖို့အတွက် စွမ်းအင်သုံးစွဲမှုမြင့်မားတဲ့အဆင့်ပေါင်းများစွာလိုအပ်သလို လောင်စာဆီနဲ့ အခြားမရှိမဖြစ်လိုအပ်ချက်များစွာအတွက် ကာဗွန်ဒိုင်အောက်ဆိုက်ကို ဖြိုခွဲနိုင်ခြင်းမရှိပါဘူး။

အခုနောက်ဆုံးနည်းပညာကတော့ အဲဒီလိုမျိုးမဟုတ်ပါဘူး။ ဟောင်ကောင်တက္ကသိုလ်မှသိပ္ပံပညာရှင်များက နေမှအလင်းရောင်ကို အပူအဖြစ်ပြောင်းလဲပေးတဲ့နည်းပညာမှတစ်ဆင့် လရဲ့မြေသားကနေ ရေကိုထုတ်ယူပါတယ်။ ပြီးတဲ့အခါ အာကာသယာဉ်မှူးများရှူထုတ်လိုက်တဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ကို ကာဗွန်မိုနောက်ဆိုက်နဲ့ ဟိုက်ဒရိုဂျင်အဖြစ်ပြောင်းလဲဖို့အတွက် လရဲ့မြေသားကနေရရှိတဲ့ရေကိုအသုံးပြုပါတယ်။ ပြောင်းလဲသွားတဲ့ဓာတ်ငွေ့တွေကို အာကာသယာဉ်မှူးများအသက်ရှူနိုင်စေမယ့် အောက်ဆီဂျင်နဲ့ အခြားသောလောင်စာများအတွက် အသုံးပြုနိုင်ပါတယ်။

သိပ္ပံပညာရှင်များအနေနဲ့ အခုလိုမျိုးအောင်မြင်မှုရရှိပေမယ့်လည်း စိန်ခေါ်မှုတစ်ခုတော့ရှိနေပါသေးတယ်။ အဲဒီစိန်ခေါ်မှုက လရဲ့မြေသားဟာတစ်နေရာနဲ့တစ်နေရာဖွဲ့စည်းပုံခြင်းမတူညီမှုဖြစ်ပြီး ဒီလိုကွဲပြားခြားနားမှုကြောင့် နည်းပညာကိုထိရောက်စွာ အသုံးချနိုင်စွမ်းနည်းပါးနိုင်ပါတယ်။ **Ref: IE**

ကိုထက်

သမားရိုးကျနည်းလမ်းနဲ့ကွဲထွက်နေတဲ့ အာကာသယာဉ်လွှတ်တင်မှုနည်းပညာအသစ်



ဒုံးပျံတစ်စင်းမှာ အာကာသယာဉ်ကိုတင်ဆောင်ပြီး ဂြိုဟ်တုတွေ လွှတ်တင်တယ်ဆိုတာ သိပ်ကိုကုန်ကျစရိတ်များပါတယ်။ ဒီအချိန်မှာ နည်းပညာကုမ္ပဏီတော်တော်များများက အာကာသယာဉ်များကို သမားရိုးကျနည်းအတိုင်းမဟုတ်ဘဲ ဒုံးပျံမလိုဘဲလွှတ်တင်လို့ရမယ့်နည်းလမ်းများစွာကို ရှာဖွေဖော်ထုတ်လာကြပါတယ်။

ဥပမာအားဖြင့်ပြောရရင် Spin Launch ဆိုတဲ့ကုမ္ပဏီက ကြီးမားတဲ့စက်ဒလက်တွေကိုအသုံးပြုပြီး ဂြိုဟ်တုတွေကိုလွှတ်တင်ဖို့ရည်မှန်းထားပါတယ်။ နောက်ထပ်ကုမ္ပဏီဖြစ်တဲ့ Green Launch ကလည်း အာကာသအမြောက်လို့ အမည်ပေးနိုင်တဲ့ နည်းပညာကိုအသုံးပြုပြီး ဂြိုဟ်တုတွေကို လွှတ်တင်ဖို့စဉ်းစားနေတာတွေ့ရပါတယ်။ အခုနောက်ဆုံးအနေနဲ့ အမေရိကန်နိုင်ငံမှ Auriga Space ဆိုတဲ့ကုမ္ပဏီက အာကာသယာဉ်လွှတ်တင်ရေးလမ်းကြောင်းတစ်ခုကို တည်ဆောက်ဖို့အတွက်ကြံစည်နေပါတယ်။

Auriga Space ရဲ့နည်းပညာက အခုလက်ရှိမှာလည်း မီးရထားသံလမ်းတွေမှာ အသုံးပြုနေတဲ့နည်းပညာတစ်မျိုးဖြစ်ပါတယ်။ အဲဒါကတော့ အားကောင်းလှတဲ့ သံလိုက်များကို လျှပ်စစ်စွမ်းအင်နဲ့ပေါင်းပြီးအသုံးပြုမယ့်နည်းပညာဖြစ်ပါတယ်။ အဲဒီသံလိုက်များက အာကာသယာဉ်ကို အသံထက် ၆ ဆမြန်တဲ့နှုန်းအထိအရှိန်တင်ပေးကာ အာကာသထဲပစ်လွှတ်လိုက်မှာဖြစ်ပါတယ်။ ဒီနည်းပညာကိုအကောင်အထည်ဖော်နိုင်ဖို့အတွက် Auriga Space ကုမ္ပဏီက အမေရိကန်ဒေါ်လာခြောက်သန်းကို မကြာသေးခင်ကပဲထပ်မံရင်းနှီးမြှုပ်နှံလိုက်ပါတယ်။

အာကာသထဲကိုသွားမယ့် အရာတစ်ခုက ကြီးမားလေးလံနေတယ်ဆိုရင် သူ့ကို လွှတ်တင်ဖို့အတွက် စွမ်းအင်ပမာဏများစွာလိုအပ်မှာပါ။ Auriga Space ကတော့ ဘယ်လိုပင်ကြီးမားလေးလံတဲ့အရာဖြစ်နေပါစေ သံလိုက်စွမ်းအားကိုအသုံးပြုပြီး အာကာသထဲရောက်အောင် ပစ်လွှတ်နိုင်မှာဖြစ်ပါတယ်။

သူ့ရဲ့ဒုံးပျံယာဉ်လွှတ်တင်ရေးလမ်းက မတ်စောက်ပါတယ်။ မတ်စောက်ပေမယ့်လည်း သံလိုက်စွမ်းအားကပြင်းလွန်းတာကြောင့် အာကာသယာဉ်ကိုအရှိန်မြင့်မားစေပါတယ်။ အာကာသယာဉ်အနေနဲ့လုပ်ဆောင်ရမယ့်အရာတစ်ခုက နောက်ဆုံးအဆင့်ရောက်မှသာ သူ့ရဲ့အင်ဂျင်ကိုနှိုးပြီး အာကာသထဲခရီးဆက်သွားရမှာဖြစ်ပါတယ်။

ဒုံးပျံအသုံးပြုပြီး အာကာသယာဉ်ကို လွှတ်တင်ခြင်းမှာ အဲဒီဒုံးပျံတစ်ခုလုံးရဲ့ ၂ ရာခိုင်နှုန်းလောက်ကသာ အာကာသထဲကိုရောက်သွားတာပါ။ ဒါကြောင့် ကုန်ကျစရိတ်ကိုချွေတာနိုင်ဖို့နဲ့ ပိုမိုထိရောက်မှုရှိစေဖို့အပြင် အကြိမ်ကြိမ်ပြန်သုံးနိုင်တဲ့ အာကာသယာဉ်လွှတ်တင်ရေးကိရိယာတစ်ခုကိုဖန်တီးဖို့ စိတ်ကူးရရှိခဲ့တာဖြစ်တယ်လို့ Auriga Space ကိုတည်ထောင်သူ ဝင်နီလိုင်းကပြောပါတယ်။

Auriga Space အနေနဲ့ သူတို့ရဲ့အစီအစဉ်ကို အသံနှုန်းလွန်အမြန်နှုန်းကိုစမ်းသပ်ချင်တဲ့သူတွေနဲ့ ကနဦးဖွင့်လှစ်သွားမှာပါ။ လာမယ့်နှစ်မှာ ပရိမီးသီးယပ်လို့ခေါ်တဲ့ စမ်းသပ်မှုအဆင့်သုံး အာကာသယာဉ်လွှတ်တင်ရေးလမ်းကြောင်းကို စတင်အသုံးပြုမှာပါ။

သူ့နောက်မှာတော့ သောလို့အမည်ပေးထားတဲ့ အသံနှုန်းလွန်အမြန်နှုန်းကိုစမ်းသပ်နိုင်မယ့် ပြင်ပသုံးအရှိန်တင်ကိရိယာကိုအသုံးပြုသွားမှာဖြစ်ပြီး ဇုလို့အမည်ပေးထားတဲ့ ကမ္ဘာပတ်လမ်းအတွင်းလွှတ်တင်ရေးကိရိယာကိုတော့ နောက်ပိုင်းမှာစမ်းသပ်မှုတွေလုပ်ဆောင်သွားမယ်လို့ဆိုပါတယ်။ ဒါဟာ အာကာသခရီးသွားလုပ်ငန်းကိုတစ်ခေတ်ဆန်းစေမှာတော့ အမှန်ပဲဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကကြီးမှူးမှ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက်၁၈နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပတ်လည်ပြိုင်ပွဲကို ဇူလိုင်လ ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိရာ သက်ဆိုင်ရာ ဇုန်များအလိုက် အားကစားကွင်းအသီးသီး၌ ပြိုင်ပွဲဝင် အသင်းများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့မှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများနှင့်ဘောလုံးအားကစားဝါသနာရှင်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ညနေ ၃ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့်ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေရလဒ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဒွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့်လည်းကောင်း ရလဒ်များရရှိခဲ့ကြသည်။

ဇူလိုင်လ ၁၈ ရက် **(ယနေ့)**မွန်းလွဲပိုင်းမှစတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဒွဲကပင်အားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့်မွန်ပြည်နယ်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး ဇူလိုင်လ ၂၁ ရက်မှစတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်၍အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

ကွိုင်ကော်-မိုးပြဲလမ်းတစ်လျှောက်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပိုင်းများပြင်ဆင် ဆောင်ရွက်နေမှုများ ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ကွိုင်ကော် ဇူလိုင် ၁၇

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကွိုင်ကော်-မိုးပြဲ-ပင်လောင်းလမ်းပိုင်းမိုင်ထိုင်(၈၈/၄)တွင် ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့သည့် ကတ္တရာကွန်ကရစ်လမ်းအား ပြန်လည်ပြုပြင်ဆောင်ရွက်နေသည့် အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရီးသွားပြည်သူများအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းအမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ရှမ်း-ကယားနယ်စပ်ရှိ မိုးပြဲလက်ဝဲမြောင်းမကြီး ပြန်လည်ပြုပြင်၍ အဆိုပါဒေသရှိ လယ်မြေများတွင် စိုက်ပျိုးရေပေးဝေနိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ အထက (ကုန်းသာ) နှင့် အထက(ခွဲ) (ဝါရီကောခူ)ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရမည့်အခြေအနေများ၊ စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းများ၊ ဆန်စက်၊ ဆီစက်များ ပြန်လည်လည်ပတ်လုပ်ကိုင်နိုင်ရေး၊ ဘုန်းတော်ကြီးကျောင်းများတွင် ပြန်လည်သီတင်းသုံးနိုင်ရေး ဆောင်ရွက်ပေးရမည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၃၃/ ၁၁ ကေဗွီ ၅ အမ်ဗွီအေ ကယန်းသာယာဓာတ်အားခွဲရုံသို့ရောက်ရှိကာ ဓာတ်အားခွဲရုံ အမြန်ပြန်လည်ပြုပြင်ပြီး ကွိုင်ကော်စက်မှုဇုန်နှင့် ပတ်ဝန်းကျင် ကျေးရွာများသို့ ဓာတ်အားများပို့လွှတ်နိုင်ရေးနှင့် ဘီလူးချောင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ နိုင်ငံတော်ဓာတ်အားစနစ်သို့ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပို့လွှတ်နိုင်ရေး ကွိုင်ကော်-မိုးပြဲ-ပင်လောင်းလမ်းတစ်လျှောက် မဟာဓာတ်အားလိုင်းများ အမြန်ပြန်လည်ပြုပြင်ဆောင်ရွက်မည့် အခြေအနေများကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

ထို့နောက် နွားလဝိုးကျေးလက်ကျန်းမာရေးဌာနခွဲသို့ရောက်ရှိကာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးကရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအားမှာကြားခဲ့သည်။

ထို့နောက် ခရီးသွားနှင့်ကုန်စည်ပို့ဆောင်ရေးအတွက် စက်သုံးဆီလွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ရန် လွိုင်ကော်-မိုးဖြဲလမ်းပိုင်းရှိ စက်သုံးဆီအရောင်းဆိုင်များ အမြန်ပြန်လည် ဖွင့်လှစ်ရောင်းချနိုင်ရေးနှင့် လက်ရှိ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက်ဒေသတွင်းရရှိနိုင်သည့်ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးနှင့် တစ်နိုင်တစ်ပိုင်ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သော နေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၇

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်ကလုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် (၆) ခု တို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၇၀ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၈ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇူလိုင်လ ၁၆ ရက် ညနေ ၅ နာရီမှ ဇူလိုင်လ ၁၇ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက လှူဒါန်းသည့် (BCG Vaccine) ပြင်းထန်တီဘီရောဂါကာကွယ်ဆေး အမှုန့်ပုလင်း ၂၅၀၀၀နှင့် ဖျော်စပ်အရည်ပုလင်း၂၅၀၀၀ (အလေးချိန် သုည ဒသမ ၆၀၅ တန်) ရောက်ရှိခဲ့ပြီး အဆိုပါဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနမှ တစ်ဆင့် ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

မြဝတီ

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြု စေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➪ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာ အမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန် အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➪ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ➪ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာဝင်ရောက်ရန်။
- ➪ ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ➪ ကျန်းမာရေးဝန်ကြီးဌာနမှသတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➪ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ➪ အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်။
- ➪ အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြားရှိ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ➪ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ➪ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ➪ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- ➪ အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➪ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာ အမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➪ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ➪ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကိုဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ➪ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံ တို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ➪ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➪ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ➪ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ➪ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားရှိ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ➪ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- ➪ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ➪ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ➪ ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာ အမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- ➪ လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- ➪ သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ➪ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုးစစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ➪ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ➪ ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိ ရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ➪ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ➪ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားရှိ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ➪ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- ➪ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ➪ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း လွတ်တင်ခြင်းများမပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်

အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်း

ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ ဇိုင်း/မြောက်ရပ်ကွက်နေ ညီမင်းထက်(ဘ)ဦးအောင်လင်း ၇/ပခန(နိုင်)၄၄၅၅၇၀၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၅၅

အမည်ပြောင်း

မိတ္ထီလာမြို့၊ ဈေးအရှေ့ရပ်နေ ဦးဟိန်းသော်ဦး၈/မလန(နိုင်)၀၆၅၀၅၀ ၏သားမီး သမာဓိကိုယ်ပိုင်အထက်တန်းကျောင်း Grade-2 တွင် ပညာသင်ကြားနေသော မရွှေယမုံဖူးအား မလင်းရတီဖြူ၊ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။
မလင်းရတီဖြူ

ဖခင်အမည်မှန်

နေပြည်တော်၊ဓေယျာသီရိမြို့နယ်၊အ.ထ.က(ကျောက်ချက်)Grade-12 မှ မောင်ဇေမင်း ၉/တကန(နိုင်)၂၃၄၉၇၄ ၏ဖခင်အမည်မှန်မှာ ဦးတိုးတိုးလှိုင် ၉/ပမန(နိုင်)၀၂၇၅၁၁ ဖြစ်ပါကြောင်း။
ဦးတိုးတိုးလှိုင်

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ရေစကြိုမြို့၊အ.ထ.က(၁) Grade-12 တွင် ပညာသင်ကြားနေသော အဘ ဦးဌေးကြိုင်၏သမီး မဌေးသီရိဖြိုး၏အမည်မှန်မှာ ကျောင်းဝင်စာရင်းအမှတ် ခ-၇၇၁၀ အရ မဖြိုးသီရိဌေးဖြစ်ပါကြောင်း။
မဖြိုးသီရိဌေး

အမည်ပြောင်း

ကျိုင်းတုံမြို့နေ အဘ ဦးဇင်မင်းဦး ၇/ပတတ(နိုင်)၁၂၅၃၇၆ ၏သမီး မလရောင်ချမ်းမြေအား မရွှန်းစန္ဒီကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။
မရွှန်းစန္ဒီကို

ပျောက်ဆုံးကြောင်း

ကျော်စွာဝင်း(ဘ)ဦးကြည်ညွှန့် ၁၃/လရန(နိုင်) ၁၇၁၂၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၇၄၇၉၇၂

ပျောက်ဆုံးကြောင်း

နန့်ပြိုးပြိုးချစ် (ဘ)ဦးကြည်သိန်း ၁၄/ကကန(နိုင်)၁၈၁၈၇၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၁၇၇

ပျောက်ဆုံးကြောင်း

ဆွေဆွေသန်း(ဘ)ဦးသန်းရင် ၁၂/စခန(နိုင်) ၀၃၅၇၂၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

မေသူဇာမြင့်(ဘ)ဦးအုန်းစိန် ၁၄/၀မခ(နိုင်) ၁၉၄၅၁၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ထင်လင်း(ဘ)ဦးဘိုချမ်း ၁၂/ရကန(နိုင်) ၀၀၉၇၃၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၉၅၈၀၄၉၇

ပျောက်ဆုံးကြောင်း

ချစ်ကိုကို(ဘ)ဦးငြိမ်းအောင် ၇/သ၀တ(နိုင်) ၁၀၅၈၃၁ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၉၃၃၂၂၂၉၇

ပျောက်ဆုံးကြောင်း

ဇော်မင်းအောင်(ဘ)ဦးမြင့်အောင် ၁၄/မမက(နိုင်)၁၆၂၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၇၁၅၅

ပျောက်ဆုံးကြောင်း

စပယ်(ဘ)ဦးသန်းရွှေ ၈/သရန(နိုင်) ၀၆၁၅၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၉၀၈၄၅၅၇

ပျောက်ဆုံးကြောင်း

တင်တင်ရွှေ(ဘ)ဦးနီတာ ၁၂/ရကန(နိုင်) ၀၀၉၇၃၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၉၅၈၀၄၉၇

ပျောက်ဆုံးကြောင်း

ရွှန်းလျန်မန်း(ဘ)ဦးလိုင်လျိုထန်း ၅/ကလထ(နိုင်)၂၄၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၆၄၄၁၁

ပျောက်ဆုံးကြောင်း

သန်းအောင်(ဘ)ဦးမောင်အေး ၃/ဘအန(နိုင်) ၁၃၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၆၁ဖ၆ဖ၃၉

ပျောက်ဆုံးကြောင်း

ဒေါ်ညောင်(ခ)လီလီမော(ဘ)ဦးကြူမင်း ၁၀/မဒန(ဇည်)၀၀၀၀၀၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၂၂၉၈၅

ပျောက်ဆုံးကြောင်း

ကျော်ကျော်အောင်(ဘ)ဦးမြင့်ကြည် ၁၂/မဂဒ(နိုင်)၀၀၀၀၃၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၇၁၁၁၁၃ဖ၈

ပျောက်ဆုံးကြောင်း

ညိုမာဝင်း(ဘ)ဦးလှရီ ၇/အဖန(နိုင်) ၀၈၇၉၇၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉ဖ၉၉၃၄၄ဂ၁၈

ပျောက်ဆုံးကြောင်း

အောင်မြတ်ကျော်(ဘ)ဦးပေြအေး ၁၂/ဒဂန(နိုင်)၀၃၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၅၂ဖ၆ဖ၃၃

ပျောက်ဆုံးကြောင်း

ရှိုရှိုကျို(ဘ)အာချိုက်(ခ)ကျော်မြင့် ၁၃/ကခန(နိုင်)၁၃၀၉၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-ဖ၉၉၉၈၈၈၇၇၇

ပျောက်ဆုံးကြောင်း

ရဲဇော်ဟိန်း(ဘ)ဦးကြည်သန်း ၁၂/သလန(နိုင်)၀၉၇၅ဖ၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၈၀၄၄၈၉

ပျောက်ဆုံးကြောင်း

စန္ဒာမင်း(ဘ)ဦးမင်းတင် ၁၂/အစန(နိုင်) ၀၅၄၄၀၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၀ဖ၈၅၀

ပျောက်ဆုံးကြောင်း

ဧရောဝတီမြို့၊ ဈေးအရှေ့ရပ်နေ ဦးဟိန်းသော်ဦး ၈/မလန(နိုင်)၀ဖ၅၀၅၀ ၏သား သမာဓိကိုယ်ပိုင်အထက်တန်းကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မောင်သုတကောင်းဆက်အား မောင်အောင်ကောင်းဆက်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။
မောင်အောင်ကောင်းဆက်

ပျောက်ဆုံးကြောင်း

ကျော်ကျော်ဝင်း(ဘ)ဦးမြင့်ကြည် ၁၂/ကခန(နိုင်)၁၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-ဖ၅၀ဖ၅၂ဖ၅ဖ

ပျောက်ဆုံးကြောင်း

ဒေယျာသောင်း(ဘ)ဦးသောင်းရွှေ ၁၂/ကမရ(နိုင်)၀၁၀ဖ၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇ဖ၅၂၅ခဖ၉၃

ပျောက်ဆုံးကြောင်း

ယွန်းနဒီခိုင်(ဘ)ဦးလောက်ဒိ ၁/ဒဖယ(နိုင်) ၀၃၃၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-ဖ၅၀၄၄၂၀၃

ပျောက်ဆုံးကြောင်း

